ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (20-2-2013) (၇၄၀၂)

စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်ထက် ပုဂ္ဂလိကပိုင်ကို ပိုပြီးအားပေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် ဥပဒေရေးဆွဲပြီး ဖိတ်ခေါ်နေ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးလာအောင် အားသွန်ခွန်စိုက် ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်လွင်၊ ဦးဇေယျာအောင်နှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးမြင့်ဇော်၊ ဒေါက်တာမျိုးမြင့်၊ ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာဇော်မင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဌ ဦးကျော်ဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံပြည်သူများက လွိုင်ကော်လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခု၊ ပြည်နယ်တစ်ခု ဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အနည်းဆုံး လိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံများရှိရန် လိုအပ်ပါကြောင်း၊ ၎င်းအထဲတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ရေ၊ မီး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့✳

ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၁/ ၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ-မလေးရှား ခြေစမ်းပွဲ ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား ယူ-၂၃ လက်ရွေးစင်အသင်းတို့၏ ပွဲစဉ်မတိုင်မီ မန်နေဂျာအစည်းအဝေးနှင့် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ၂၀၁၁ ဆီးဂိမ်းချန်ပီယံ မလေးရှားအသင်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး ကစားသမား ၁၈ ဦးနှင့် အသင်းအုပ်ချုပ်သူ ၁၀ ဦး ပါဝင်လာမည်ဖြစ်သည်။ မလေးရှား ယူ-၂၃ အသင်းသည် လာမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်ကြိုတင်စုစည်းထားသည့် အသင်းဖြစ်ပြီး လက်ရွေးစင်ကစားသမား မဖြစ်ဖူးသေးသည့် လူငယ်သွေးသစ် ကစားသမား ၁၀ ဦး ပါဝင်လာမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❁

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ မင်္ဂလာဒုံမြို့နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဗြိတိသျှများ မြေအောက်၌ မြှုပ်နှံခဲ့သော စပစ်ဖိုင်းယား စစ်သုံးတိုက်လေယာဉ်များ ပြန်လည်ရှာဖွေတူးဖော်ခြင်းနှင့်စပ်လျဉ်း၍ ရွှေတောင်ပေါ် အုပ်စုကုမ္ပဏီလီမိတက် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ PARK ROYAL ဟိုတယ်၌ ကျင်းပသည်။

စပစ်ဖိုင်းယား စစ်တိုက်လေယာဉ်များ ပြန်လည်ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများအတွက် မြန်မာနိုင်ငံအစိုးရနှင့် သဘောတူစာချုပ် ခွင့်ပြု

စပစ်ဖိုင်းယားတိုက်လေယာဉ်များ တူးဖော်ပြီးချိန်တွင် မြန်မာပြည်သူများအား လေယာဉ်ပျံသန်းပွဲ ပြုလုပ်ပေးမည်

သက်တမ်း နှစ်နှစ် ခွင့်ပြုခဲ့ကြောင်း၊ ယင်း နှစ်နှစ်အတွင်းမှာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်း ပြီးဆုံးခြင်းမရှိပါက ထပ်မံ၍ သက်တမ်းတိုးတောင်းရန် အစီအစဉ်များရှိကြောင်း၊ သက်တမ်းတိုးပြီး တောင်းခံခြင်းကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ထပ်မံလိုက်လျောခွင့်ပြုသွားမည်ဟု မိမိတို့အဖွဲ့က ယုံကြည်ကြောင်း၊ တိုက်လေယာဉ်ပြန်လည်ရှာဖွေ တူးဖော်ခြင်းသတင်း ထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် Mr. David J.CUNDALL က ရှင်းပြ၍ သိရသည်။

မြန်မာနိုင်ငံ မင်္ဂလာဒုံနှင့် ကချင်ပြည်နယ်တို့ကို အဖွဲ့များခွဲပြီး ကွင်းဆင်းလေ့လာမှု လုပ်ငန်းများ ပဏာမ ဆောင်ရွက်ခြင်းမှာ ဇန်နဝါရီ ၉ ရက်က ဖြစ်နိုင်ခြေရှိသော မြေပြင်အနေအထားပေါ်တွင် ထွင်းဖောက်ကြည့်ခြင်းလုပ်ငန်းနှင့် ဘူမိဗေဒ ကျွမ်းကျင်ပညာရှင်များ သုံးသပ်မှုအရ စပစ်ဖိုင်းယား တိုက်လေယာဉ်များ ရှိနိုင်ခြေရှိကြောင်း၊ မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင် GEO ပါမောက္ခ ဆရာဦးမြတ်ခင်၏ လေ့လာသုံးသပ်မှုအရ သိရသည်။ ယနေ့ ပြန်လည်ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပြင်ပျက်စီးမှုနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်ပေးရမည့် အစီအစဉ်များကို မြန်မာအစိုးရနှင့် စာချုပ်ကတိအတိုင်း ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယခု

စာမျက်နှာ ၉ ကော်လံ ၅ သို့❖

Panasonic

မှတ်ချက် - အမျိုးအစားတူဓာတ်ခဲဖြစ်လျှင် ၎င်းဓာတ်ခဲအသစ် ၁ လုံး အမျိုးအစားမတူသော ဓာတ်ခဲများဖြစ်လျှင် ၎င်းဓာတ်ခဲများထဲမှ တန်ဖိုးအနည်းဆုံး ဓာတ်ခဲ အသစ် ၁ လုံး လက်ဆောင်ပေးမည်ဖြစ်ပါသည်။

"အသုံးပြုပြီးသား Panasonic ဓာတ်ခဲအဟောင်း ၈ လုံးကို စနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် ဆိုင်များသို့ ပြန်လည်ပေးအပ်ပြီး ဓာတ်ခဲ အသစ် ၁ လုံး လက်ဆောင်လဲလှယ်နိုင်ပါသည် "

(1 Feb 2013 to 31 Mar 2013)

Ph : 705183, 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838,057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

ကြေးမုံစာတည်းရှေ့ထောင့် ၂၀-၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

စနစ်နှင့်အညီ လိုက်ပါပြောင်းလဲ

မြန်မာနိုင်ငံတွင် ပြည်သူများလက်ခံယုံကြည်သည့် ဒီမိုကရေစီစနစ်ကို ပီပြင်အောင်ပုံဖော်လျက်ရှိရာ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ချင်း ပုံပေါ်လျက်ရှိ၏။ ယခုတတိယအဆင့်ဖြစ်သည့် အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်လျက်ရှိသည်ကိုလည်း တွေ့ရ၏။

ပြုပြင်ပြောင်းလဲမှု မူဝါဒများ၊ လမ်းညွှန်ချက်များကို အနုလုံပဋိလုံ လေ့လာကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သန်း ၆၀ သော ပြည်သူများ၏ အကျိုးစီးပွားအတွက် ထားရှိသော စိတ်ရင်းစေတနာမှန်များ ဖြစ်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ချမှတ်ထားသော မူဝါဒများသည် မဟာဗျူဟာသဘောဖြစ်ပေရာ ယင်းမဟာဗျူဟာသဘောကို အကောင်အထည်ဖော်ကြကုန်သော အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးသည် မိမိတို့နှင့်သက်ဆိုင်သမျှ မိမိတို့၏တာဝန်များကို နည်းဗျူဟာကျကျ တစ်ဆင့်ချင်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။

ထိုသို့အကောင်အထည်ဖော်ရာ၌ ဝိဝါဒမကွဲပြားရန်နှင့် မူဝါဒအပေါ် မမှိတ်မသုန်လက်ခံယုံကြည်ပြီး စိတ်ရင်းစေတနာမှန်စွာဖြင့် အများပြည်သူ အကျိုးကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုတတိယလှိုင်းကို အရှိန်အဟုန်မပျက် သွက်သွက်လက်လက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် "ယခုကာလသည် နိုင်ငံတော်ကြီးကို ဒီမိုကရေစီလမ်းကြောင်းဖြင့် လျှောက်လှမ်းနေရာ ခေတ်စနစ်ပါ ပြောင်းလဲနေရချိန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး လိုက်ပါပြောင်းလဲရန် ကျန်ရှိနေသည်မှာ လူပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ဌာနအကြီးအကဲအဆင့်မှသည် အောက်ခြေအဆင့်အထိ ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲကြရန် လိုအပ်ကြောင်း" နိုင်ငံတော်သမ္မတကြီးက ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကလေးမြို့၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ထပ်မံမှာကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးပြောကြားခဲ့သည့် လမ်းညွှန်ချက်၊ မိန့်ကြားချက်များသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ချမှတ်ထားသော မဟာဗျူဟာလုပ်ငန်းစဉ်များ အပြည့်အဝအောင်မြင်စေရန်အတွက် နည်းဗျူဟာများကို အကောင်အထည်ဖော်ကြသော အုပ်ချုပ်ရေးယန္တရားမှ တာဝန်ရှိသူများအားလုံး ရည်မှန်းချက်အတိုင်း အလေးအနက်ထား လုပ်ကိုင်ဆောင်ရွက်ကြဖို့ ထပ်မံသတိပေးပြောကြားလိုက်ခြင်း ဖြစ်သည်။

မူဝါဒဟူသည်မှာ မိမိတို့ရည်မှန်းချက်အောင်မြင်စေရန်အတွက် ထိထိရောက်ရောက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည်။ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် မူဝါဒများမည်မျှချမှတ်ထားသော်လည်း အကောင်အထည်ဖော်ရမည့်လူက ဟန်ချက်ညီညီ လိုက်ပါပြောင်းလဲဖော်ဆောင်မှု အားနည်းနေသေးလျှင် မိမိတို့ဖော်ဆောင်နေသော လမ်းစဉ်စနစ်နှင့် ဝေးကွာနေဦးမည်သာဖြစ်သည်။

ထို့ကြောင့် မူဘယ်လောက်ကောင်းကောင်း လူကောင်းဖို့လိုသည်ဟု ဆိုကြသည်။ လူသာလျှင်ပဓာနဖြစ်၍ ကောင်းမွန်သောမူကို အလျင်အမြန် ပေါက်မြောက်အောင်မြင်အောင် မိမိတို့၏ပြုပြင်ပြောင်းလဲရေး နည်းဗျူဟာများဖြင့် စနစ်တကျ အလေးအနက်ထား အကောင်အထည်ဖော်ကြဖို့ ဖြစ်သည်။

အစောပိုင်းကာလကတည်းကပင် နိုင်ငံတော်သမ္မတကြီးက မိမိတို့၏ Mind Set များကိုပြောင်းလဲကြရန် သတိပေးပြောကြားခဲ့ပြီးဖြစ်သည်။ လူတို့၏ စိတ်သဘောသဘာဝများမှာ မူလရှိပြီး စိတ်ဓာတ်များကို ပြုပြင်ရခက်သည်မှန်သော် ကောင်းမွန်သောမူဝါဒများ အကောင်အထည်ပေါ်ရန်အတွက် မိမိတို့၏စိတ်ဓာတ်များကို ဦးစွာပြုပြင်ပြောင်းလဲပြီး စနစ်၏စီးကြောင်းထဲတွင် လိုက်ပါကြဖို့ဖြစ်သည်။

ထိုသို့ပြောင်းလဲကြရာ၌ အမှန်တကယ် စိတ်ရောကိုယ်ပါ ပြောင်းလဲကြရန်ဖြစ်ပြီး ချမှတ်ထားသော မူဝါဒကို ဝတ်ကျေတန်းကျေ မဆောင်ရွက်မိဖို့ လိုမည်ဖြစ်သည်။ မူဝါဒများမပီပြင်ခြင်း၊ နှောင့်နှေးခြင်းတို့သည် မိမိတို့စိတ်ဓာတ်များ မပြောင်းလဲလိုမှု၊ အားထုတ်မှု အားနည်းမှုတို့ကြောင့်ဖြစ်ရာ နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ လျင်မြန်စွာအောင်မြင်ရေးအတွက် တာဝန်ရှိသူအားလုံး ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးအား ဘရူနိုင်းနိုင်ငံပညာရေးဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အရှေ့တောင်အာရှပညာရေးဝန်ကြီးများကောင်စီ(SEAMEO) ၏ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ပညာရေးဝန်ကြီး H.E.Mr. Pehin Dato Haji Abu Bakar Apong သည် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဘရူနိုင်းနိုင်ငံပညာရေးဝန်ကြီးသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပျဉ်းမနား၌ ကတ္တရာလမ်းသစ်များ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော် ပျဉ်းမနားမြို့ ရွှေချို(၄)လမ်း၊ ဦးဘွားလမ်းနှင့် ရုံးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးမှတ်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(အင်/ယာ) ဦးနေဇင်ဦးက ရွှေချို(၄)လမ်း၊ ဦးဘွားလမ်းနှင့် ရုံးကြီးလမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးချစ်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ရွှေချို(၄)လမ်း၊ ဦးဘွားလမ်းနှင့် ရုံးကြီးလမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်ဦးနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် ဧည့်သည်တော်များသည် ရွှေချို(၄)လမ်း၊ ဦးဘွားလမ်းနှင့် ရုံးကြီးလမ်း ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သည့် ပျဉ်းမနားမြို့ရှိ ရွှေချို(၄)လမ်း အရှည်ပေ ၃၆၅၀ အား ငွေကျပ် သိန်း ၆၅၀ အကုန်ကျခံ၍လည်းကောင်း၊ ဦးဘွားလမ်း အရှည်ပေ ၁၆၀၀ အား ငွေကျပ် ၁၆၃ သိန်း အကုန်ကျခံ၍လည်းကောင်း၊ ရုံးကြီးလမ်း အရှည်ပေ ၁၈၀၀ အား ငွေကျပ် သိန်း ၃၁၀ အကုန်ကျခံ၍လည်းကောင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ကျေးရွာနှင့် ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဇော်မင်းအောင်)**

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားနိုင်ငံအထက်လွှတ်တော်ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ H.E.Mr. Viktor A.OZEROV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ H. E. Mr. Viktor A. OZEROV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

- ၅း၀၀ "ဝိပဿနာနှင့် လောကမေတ္တာ" တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၈း၁၅ Happy Time
  Happy Lessons
- ၉း၄၅ ဈေးဝယ်လမ်းညွှန် (TONOMOLY)
- ၁၀း၄၅ ဟင်းချက်ရအောင်
- ၁၁း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂း၀၅ Minute to Win It
- ၄း၄၀ NEW DAY
  Relax & Health Center
- ၅း၀၀ Happy Time
  Happy Lessons
- ၅း၂၀ Minute to Win It
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၀၇)
- ၇း၁၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၂၆)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်"(အပိုင်း-၂၆)
- ၉း၅၀ Let's Talk It
- ၁၀း၃၀ World of Knowledge (Dog Whisperer ; Cotton Ricky and Jordan)
- ၁၁း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၂း၁၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]

❀မြန်မာ-မလေးရှားမှ

ဂင်းတို့အသင်းသည် ပြီးခဲ့သည့်လအတွင်း သြစတြေးလျ၌ ခြေစမ်းပွဲလေးပွဲ သွားရောက်ကစားခဲ့ရာ နှစ်ပွဲအနိုင်ရပြီး နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မလေးရှားအသင်းသည် မြန်မာအသင်းနှင့် ခြေစမ်းကစားပြီးပါက ဆလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်ကာ ခြောက်လကြာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပြီး ဆလိုဗက်ကီးယား ပထမတန်းကလပ်အသင်းများနှင့် ခြေစမ်းပွဲ ၁၅ ပွဲခန့် ကစားသွားရန် စီစဉ်ထားကြောင်း သိရသည်။ "မြန်မာ့လက်ရွေးစင်အသင်းနဲ့ ခြေစမ်းမှာပါ။ ဒီလိုကစားခြင်းအားဖြင့် ကျွန်တော်တို့ လူငယ်ကစားသမားတွေရဲ့စွမ်းဆောင်ရည်ကို ပိုပြီးတိုးတက်စေမှာပါ။ ဒီလိုကစားတဲ့အတွက် ဆလိုဗက်ကီးယားကို မသွားခင်မှာ စိတ်ပိုင်းဆိုင်ရာ အရရော ရုပ်ပိုင်းဆိုင်ရာအရပါ ပိုပြီးကောင်းမွန်စေပါလိမ့်မယ်" ဟု မလေးရှား ယူ- ၂၃ နည်းပြ အွန်ကွမ်ဆီးက ပြောကြားခဲ့သည်။

မြန်မာအသင်းသည် အဆိုပါ ခြေစမ်းပွဲ ကစားပြီးပါက AFC Challenge Cup ခြေစစ်ပွဲစဉ်များအဖြစ် မတ် ၂ ရက်မှ ၆ ရက်အထိ ဂူအမ်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယအသင်းများနှင့်ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်၍ လေ့ကျင့်ရေးများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မလေးရှား ယူ-၂၃ အသင်းနှင့် ပွဲစဉ်တွင် အသက်(၂၃) နှစ်အောက် ကစားသမားများကိုသာ အသုံးပြုယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဇော်မင်းအောင်)

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ကွမ်းခြံကုန်း ဒရယ်လူးကျေးရွာ အလက(ခွဲ)ကျောင်းဆောင်သစ်လွှဲပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၈၆၆၀၅ ကို လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ခဲ့ရာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဒရယ်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)ကို ၁၉၈၅ ခုနှစ်တွင် အခြေခံပညာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျောင်းဆောင်နှစ်ဆောင်ရှိသည့်အနက် အမှတ်(၂) ကျောင်းဆောင်မှာ လုံးဝပျက်ဆီးသွားသည့်အတွက် ကျောင်းသားကျောင်းသူများ ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် သွပ်မိုးနှင့် တာပေါ်လင်အကာ ယာယီကျောင်းဆောင်တစ်ခုကို တည်ဆောက်ခဲ့သည်။ လက်ရှိအချိန်တွင် ပင်မကျောင်းဆောင်တစ်ဆောင်၊ ယာယီကျောင်းဆောင်တစ်ဆောင်ကို ကျောင်းသားကျောင်းသူ ၅၄၆ ဦးအား ဆရာဆရာမ ၁၂ ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။ ယာယီကျောင်းဆောင်တစ်ဆောင်မှာ သွပ်မိုးတာပေါ်လင်အကာဖြစ်သည့်အတွက် နွေရာသီတွင် စာသင်ခန်း၏အပူချိန်မြင့်မားခြင်း၊ မိုးရာသီတွင် မြေသားအခင်းဖြစ်သည့်အတွက် အစိုပြန်ခြင်း၊ မိုးများသည့်ရက်များတွင် စာသင်ခန်းအတွင်းသို့ ရေဝင်ရောက်ခြင်း၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေ မျှတမှု မရှိခြင်း၊ စာရေးခုံများ မလုံလောက်ခြင်း စသည့် အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။

ဤကဲ့သို့သော အခြေအနေများဖြစ်ပေါ်နေ၍ ဂျပန်နိုင်ငံအစိုးရသည် ၎င်း၏အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဒရယ်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အတွက် ပေ ၁၀၀×ပေ ၃၀ စာသင်ခန်းငါးခန်းပါ သံကူကွန်ကရစ် ကျောင်းဆောင်၊ အိမ်သာများတည်ဆောက်ရန်နှင့် ကျောင်းသုံးပရိဘောဂများကို ပေးအပ်ခဲ့ရာ အဆိုပါကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော ပညာသင်ကြားမှုအခြေအနေများကို ဖြစ်ပေါ်စေတော့မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ဟဲဟိုးတွင် ကားနှင့် ဆိုင်ကယ်တိုက်မိ

ဟဲဟိုး ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့နယ်တွင် ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိမှုကြောင့် ဆိုင်ကယ်စီးသူ နှစ်ဦး ပွဲချင်းပြီး သေဆုံးသွားကြောင်း သိရသည်။

ဦးမြမွေးနှင့် အဖော်တစ်ဦးတို့ စီးနင်းလာသော ဆိုင်ကယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့ နန်ကုန်းပိုင်းရပ်ကွက် ကံတလိဘုန်းကြီးကျောင်းအနီး ကားလမ်းမပေါ်တွင် ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခွဲခန့်က တောင်ကြီးမှ မန္တလေးသို့ ပြေးဆွဲသော ရွှေတောင်ရိုးယာဉ်လိုင်းမှ ခရီးသည်တင် လေအိတ်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရှိရသည်။ အဆိုပါတိုက်မိမှုကြောင့် ဆိုင်ကယ်စီးသူ နှစ်ဦးစလုံး သေဆုံးခဲ့ပြီး သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ **(ကြေးမုံ)**

✱ ရွှေရောင်အိပ်မက်မှ

မြန်မာဝူရှူးအဖွဲ့သည် ၂၀၀၁ မလေးရှားဆီးဂိမ်းပြိုင်ပွဲမှစ၍ ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတံဆိပ်စတင်ရယူနိုင်ခဲ့ပြီး နောက်ပိုင်းပြိုင်ပွဲများတွင် အောင်မြင်မှုဆက်တိုက်ရယူနိုင်ခဲ့သည်။ မြန်မာဝူရှူးအဖွဲ့အတွက် ရွှေတံဆိပ်ပုံမှန်ရယူပေးနေကျ ကစားသမားများဖြစ်သော ခိုင်ခိုင်မော်၊ ဆွေဆွေသန့်၊ ပြည့်ဝေဖြိုးတို့ အနားယူပြီး နောက်ပိုင်းတွင် မြန်မာဝူရှူးအားကစား၏ အောင်မြင်မှုမှာ အနည်းငယ်ကျဆင်းခဲ့သော်လည်း ယခုတွင်မူ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်လျှောက်လှမ်းလာနိုင်ပြီဖြစ်သည်။ မြန်မာဝူရှူးသည် ယခင်က ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတံဆိပ် မလွတ်တမ်းရယူနိုင်ခဲ့သလို အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲများအထိပါ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့သည်အထိ အောင်မြင်ခဲ့သည်။ အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၂ ခုနှစ် ဘူဆန်အာရှအားကစားပြိုင်ပွဲတွင် ခိုင်ခိုင်မော်က ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့က ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ကိုယ့်မြေ၊ ကိုယ့်ကွင်းတွင် ယှဉ်ပြိုင်ကစားရတော့မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိရန်အတွက် မြန်မာဝူရှူးအဖွဲ့သည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦးက "လာမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၇ ဦးကို ရွေးချယ်လေ့ကျင့်ပေးနေကြောင်း၊ ယင်းပဏာမကစားသမားများတွင် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲဝင်ခဲ့သည့် ကစားသမားအားလုံး ပြန်လည်ပါဝင်လာကြောင်း၊ ဆုတံဆိပ်ရရှိခဲ့သည့် ဝေဖြိုးအောင်၊ ကျော်ဇင်သက်၊ စန္ဒီဦး၊ လှလှဝင်းနှင့် စုစုလှိုင်တို့လည်း လေ့ကျင့်နေကြောင်း၊ ယင်းကစားသမားများကို တရုတ်နည်းပြငါးဦးက လေ့ကျင့်ပေးနေကြောင်း၊ နည်းပြဆရာများလာသောကြောင့် အမျိုးအစားတစ်ခုချင်းစီအလိုက် လေ့ကျင့်ပေးနိုင်ကြောင်း။

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ် ၂၃ ခု ချီးမြှင့်မည်ဖြစ်ပြီး မိမိတို့အနေဖြင့် ရွှေခြောက်ခုမှ ရှစ်ခုအကြား မျှော်မှန်းထားကြောင်း၊ မိမိတို့၏အဓိကပြိုင်ဘက်များမှာ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ဖြစ်ပြီး ဗီယက်နမ်မှာ တရုတ်ပြီးလျှင် အကောင်းဆုံးဖြစ်နေကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဇွန်လနှင့် ဩဂုတ်လတို့တွင် တရုတ်နိုင်ငံ၌ Joint Training ပြုလုပ်ရန်စီစဉ်ထားကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတကာသတင်း

ခြောက်ရက်ကြာ စစ်ရေးလေ့ကျင့်မှု တောင်ကိုရီးယားရေတပ် စတင်

ဆိုးလ် ဖေဖော်ဝါရီ ၁၉

တောင်ကိုရီးယားရေတပ်၏ ခြောက်ရက်ကြာ စစ်ရေးလေ့ကျင့်မှုကို အရှေ့ပင်လယ်(ဂျပန်ပင်လယ်)တွင် ဖေဖော်ဝါရီ ၁၉ ရက်ကစတင်ကြောင်း မြို့တော်ဆိုးလ်ရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယားရေတပ်၏ စစ်ရေးလေ့ကျင့်မှု၌ စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများပါဝင်ပြီး အမေရိကန်ပြည်ထောင်စုမှ ထောက်လှမ်းရေးလေယာဉ်များလည်း ပါဝင်လေ့ကျင့်ကြကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြည်ပမှ စစ်ရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် စစ်ရေးအရအသင့်ရှိနေစေရန် စစ်ရေးလေ့ကျင့်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ဒီဇင်ဘာ ၁၂ ရက်တွင် တာဝေးပစ်ဒုံးပျံတစ်စင်းကို ပစ်လွှတ်ခဲ့ပြီးချိန်နောက်ပိုင်း တောင်ကိုရီးယားနိုင်ငံသည် တစ်နိုင်ငံတည်းလည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ပူးတွဲ၍လည်းကောင်း စစ်ရေးလေ့ကျင့်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် မကြာမီက တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **ရိုက်တာ။**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ချင်ဟဲရေတပ်စခန်းကို တွေ့ရစဉ်။

သတင်းသမားများအား ကာကွယ်စောင့်ရှောက်ပေးရန် ဆိုမာလီသတင်းစာဆရာများ ဆန္ဒဖော်ထုတ်ကြစဉ်။

သတင်းစာဆရာများအား သတ်ဖြတ်ခဲ့သူများကို အပြစ်ပေးနိုင်ရေး ဆိုမာလီအစိုးရက ဆုငွေဒေါ်လာ ၅၀၀၀၀ ထုတ်ပြန်

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၉

သတင်းစာဆရာများ သတ်ဖြတ်ခံခဲ့ရမှုများအတွက် တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်စေရန် သတင်းပေးနိုင်သူကို ဆုငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်မည်ဟု ဆိုမာလီအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယင်းသို့ ဆုငွေချီးမြှင့်ခြင်းသည် လူသတ်သမားများအား ဖော်ထုတ်ကာ တရားစီရင်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဆိုမာလီဝန်ကြီးချုပ် အက်ဒီဖာရာရှီရာဒွန်က ပြောကြားသည်။ ဆိုမာလီနိုင်ငံသည် သတင်းသမားများအတွက် ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း သတင်းစာဆရာများအား ကာကွယ်စောင့်ရှောက်ရေးကော်မတီက ပြောကြားခဲ့သည်။

ယမန်နှစ်အတွင်းက ဆိုမာလီတွင် သတင်းသမား ၁၈ ဦး သတ်ဖြတ်ခြင်းခံခဲ့ရပြီး သတ်ဖြတ်သူ တစ်စုံတစ်ဦးကိုမျှ ဖမ်းဆီးအရေးယူနိုင်ခြင်း မရှိကြောင်း၊ ယခုနှစ်အတွင်းတွင် သတင်းထောက်တစ်ဦးသတ်ဖြတ်ခံခဲ့ရကြောင်း၊ ၂၀၀၇ ခုနှစ်မှစ၍ ယခုကာလအထိ သတ်ဖြတ်ခြင်းခံရ၍ သေဆုံးခဲ့သူ သတင်းစာဆရာဦးရေမှာ ၄၅ ဦးရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

ဂရိနိုင်ငံမှ ဟဲလ်လပ်စ်ရွှေတွင်း တိုက်ခိုက်ခံရ

အေသင် ဖေဖော်ဝါရီ ၁၉

ဂရိနိုင်ငံမြောက်ပိုင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်သို့ မျက်နှာဖုံးစွပ်ထားသည့် ဒါဇင်နှင့်ချီသော ကျူးကျော်သူများက တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်သူများက ဓာတ်ဆီဗုံးများ၊ မီးလောင်စေသော အရည်များကိုအသုံးပြု၍ စက်ယန္တရားများ၊ မော်တော်ယာဉ်များနှင့် ကုန်သေတ္တာများကို မီးရှို့ခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က အေပီသတင်းဌာနအား ပြောကြားသည်။

ဟဲလ်လပ်စ်ရွှေတွင်းကို ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီးဟဲလ်ကီဒီကီဒေသ၌ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ သို့သော် ထိုရွှေတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင်၍မရအောင် ပျက်စီးစေမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများ၏ ကန့်ကွက်မှုနှင့် ရင်ဆိုင်နေရသည်။

ကနေဒါနိုင်ငံရှိ အဲလ်ဒိုရာဒိုရိုး ကုမ္ပဏီ၏ လက်အောက်ခံ ဟဲလ်လင်းနစ်ရိုးကုမ္ပဏီကို ထိုဒေသ၌ ရွှေတူးဖော်ခွင့်အား ဂရိအစိုးရက ခွင့်ပြုပြီးနောက် ၂၀၁၁ ခုနှစ်မှစ၍ ယင်းစီမံကိန်းကို ရပ်ဆိုင်းစေရန် ပြည်သူများက ကြိုးစားလျက်ရှိသည်။ **ဘီဘီစီ။**

လာဘ်အရှုပ်တော်ပုံကြားမှ ဗြိတိသျှဝန်ကြီးချုပ် အိန္ဒိယသို့ ကုန်သွယ်ရေးခရီးရောက်ရှိ

မွမ်ဘိုင်း ဖေဖော်ဝါရီ ၁၉

အင်္ဂလိုအီတာလျံ ရဟတ်ယာဉ်ရောင်းချရေးတွင် လာဘ်ပေးလာဘ်ယူမှု အရှုပ်တော်ပုံ ပေါ်ပေါက်နေသကဲ့သို့ နယူးဒေလီက ပြင်သစ်လုပ်မြို့ပြင်ဘက်ကို ရွေးချယ်ပြီးစီးနေပြီဖြစ်လင့်ကစား အိန္ဒိယနိုင်ငံသို့ တနင်္လာနေ့တွင် ရောက်ရှိနေသော ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ယူရို တိုက်လေယာဉ်ရောင်းချရေးတွင် အိန္ဒိယ၏အကျိုးစီးပွားကို ပြန်လည်သုံးသပ်ပေးမည်ဟု ကတိပြုခဲ့သည်။

ပြင်သစ်သမ္မတ ဖရန်စွာဟော်လန်ဒေးက အိန္ဒိယသို့ ကုန်သွယ်မှုမြှင့်တင်ရန် သွားရောက်ခဲ့ပြီး ရက်အနည်းငယ်အကြာ ဒေးဗစ်ကင်မရွန်းက ဝန်ကြီးချုပ်တစ်ဦးအဖြစ် နယူးဒေလီသို့ ဒုတိယအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

ကြွေးနစ်နေသော ဥရောပနှစ်နိုင်ငံက စီးပွားရေး လျင်လျင်မြန်မြန်တိုးတက်နေသော အိန္ဒိယနိုင်ငံအတွင်း ဈေးကွက်ရရှိရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ကုမ္ပဏီ ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ၊ ဝန်ကြီး လေးဦးနှင့် လွှတ်တော်အမတ်ကိုးဦးပါဝင်သော ကင်မရွန်းအဖွဲ့သည် ဗြိတိသျှဝန်ကြီးချုပ်နှင့်အတူ ပြည်ပသို့ လိုက်ပါကြသောအဖွဲ့များအနက် အကြီးဆုံးအဖွဲ့ဖြစ်သည်။

သို့သော် ကင်မရွန်း၏ခရီးစဉ်သည် သင့်လျော်သော အချိန်မဟုတ်ပေ။ ၎င်းတို့အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၅၀ တန်ဖိုးရှိသည့် ဩဂတ်(စ်)တာဝက်(စ်)လင်း ကုမ္ပဏီထုတ် ရဟတ်ယာဉ်တစ်ဒါဇင် ရောင်းဝယ်ရေးစာချုပ်ကို ဖျက်သိမ်းလိုကြောင်း အိန္ဒိယက သောကြာနေ့တွင် ပြောကြားခဲ့သည်။

၎င်းကုမ္ပဏီသည် အီတလီနိုင်ငံ ဖင်မီကာနီယာကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီခွဲဖြစ်၍ ယင်းအရောင်းအဝယ်ကိစ္စရပ်တွင် လာဘ်ပေးလာဘ်ယူရှိခဲ့ကြောင်း သတင်း ထွက်ပေါ်လျက်ရှိသည်။

ယင်းသို့သောကိစ္စရပ်များက အရပ်ဘက်သုံး အကြီးစားစက်ယန္တရားများနှင့် အကြီးစားစစ်လက်နက်ပစ္စည်းများ ဝယ်ယူစေရန် အိန္ဒိယနိုင်ငံအား ဆွဲဆောင်ရေးမှာ ဒေးဗစ်ကင်မရွန်းကို ပိုမိုခက်ခဲစေမည်ဟုဆိုသည်။ **ရိုက်တာ။**

OD TOUR Since 1997

သကြင်္န်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

ဘန်ကောက်၊ပတ္တရား/ဖူးခက် Feb 28, Mar 23, Apr 12,13
စင်္ကာပူ၊မလေးရှား Feb 28, Mar 23, Apr 12,13
အိန္ဒိယ၊နီပေါ Feb 22, Mar 18
ကမ္ဘောဒီးယား Mar 2, Apr 13
စင်္ကာပူ၊ဘာလီ Mar 23, Apr 13
ဗီယက်နမ်၊ကမ္ဘောဒီးယား Mar 23, Apr 12
ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို Mar 23, Apr 13
ကိုရီးယား Mar 23, Apr 11

ပုဂံ၊ပုပ္ပါး၊ပနေ့တ္ထူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ
အင်းလေး၊တောင်ကြီး၊ထန့်ဆမ်း
ပုဂံ၊ရွှေစက်တော်
ထားဝယ်၊ရှင်ကိုးရှင်
ပုဂံ၊မန္တလေး
ပုဂံ၊တောင်ကြီး
Feb 22/28
Mar 1/23/24
Apr 5,10,11
12,13,18

အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187
09-5108087, 09-5187045, 09-73022688

The Myanmar **INDEPENDENT** News Journal

■ မြန်မာ့လျှပ်စစ်ကဏ္ဍတိုးချဲ့ရေး ကမ္ဘာ့ဘဏ်မှအကူအညီပေးမည်။
■ ရှေ့နေကွန်ရက်၏ လက်ပံတောင်းတောင်အစီရင်ခံစာကို သမ္မတရုံးက ပယ်ချ။
■ မြန်မာနိုင်ငံဆိုင်ရာမူဝါဒတွင် သတိရှိရန် အမေရိကန်အစိုးရသို့ နိုင်ငံတကာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပြောကြား။
■ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့ ၂၅% တိုးတက်ရှာဖွေရန် အမျိုးသားစီမံကိန်း ဥပဒေကြမ်းတွင်ဖော်ပြ။
■ နိုင်ငံခြားသားများနှင့်လက်ထပ်ရန် မြန်မာအမျိုးသမီးများ လူကုန်ကူးခံနေကြရ။
■ အိမ်(ချ်)ဆိုင်ဗီတိုက်ပွဲတွင် မြန်မာ့ရှုံးနိမ့်နိုင်ကြောင်း ကျန်းမာရေးကျွမ်းကျင်သူများ သတိပေး။

တရုတ်ယောက်ျားနဲ့ရတဲ့ မိန်းမအများစုဟာ ဘာညည်းငြူမှုမှ အိမ်ပြင်မထွက်ရဘူး။ သိပ်ကို နည်းတဲ့အရေအတွက်လောက်ပဲ အခြေအနေကောင်းကောင်းနေကြရတယ်။ သူတို့ဟာ လင်တွေ ယောက္ခထီးတွေ ယောက္ခမတွေနဲ့ ခွေးမျိုးတွေရဲ့ အရိုက်အနက်ကိုခံကြရတယ်။ ပြီးတော့ အစာလည်းဝအောင်မကျွေးကြဘူး။
နိုင်ငံခြားသားနှင့်လက်ထပ်ရန် လူကုန်ကူးခံရသူ တစ်ဦး၏ ပြောကြားချက်

လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီ ဥက္ကဋ္ဌ H.E. Mr. Viktor A.OZEROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာသို့ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဦးအောင်ထွန်း၊ ဦးညွန့်တင်၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား သံတမန် ဆက်သွယ်သည့် (၆၅)နှစ်မြောက် အခါသမယတွင် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် ဝတ်ဆင်မည့်ဝတ်စုံချုပ်လုပ်ရန် ပုံစံဒီဇိုင်းသတ်မှတ်နိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အစီအစဉ်များတွင် ဝတ်ဆင်မည့် ဝတ်စုံချုပ်လုပ်ရန် ပုံစံဒီဇိုင်းသတ်မှတ်နိုင်ရေး အစည်းအဝေးကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးတွင် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက ဝတ်စုံချုပ်လုပ်နိုင်ရေး အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝတ်စုံဒီဇိုင်းပညာရှင်များက ဝတ်စုံပုံစံဒီဇိုင်းနမူနာများကိုပြသ၍ ဝတ်စုံချုပ်လုပ်မှုအခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)

၇း၀၃ တရားတော်
၇း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၈း၀၆ မှတ်တမ်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရွှေဟောင်းသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အမေ့အပြုံး (အပိုင်း-၈၃)
၆း၁၀ *Mail Box*
၆း၂၅ ကာတွန်းအစီအစဉ်
-အာကာသသူရဲကောင်းလေးများ
(အပိုင်း-၇၇)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- တိမ်လွှာထက်ကဖန်ရဲတိုက်
(အပိုင်း-၂၇)
၈း၀၀ မြဝတီရုပ်မြင်သံကြား
သတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ပြည်သူ့တရားရှင်ပေါင်ချိန် "
(အပိုင်း-၁၁)
-*Go For Gold*

နေပြည်တော်ဥတ္တရနှင့်ဒက္ခိဏခရိုင်များအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော်ဥတ္တရခရိုင်အတွင်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း(၁/၂၀၁၃) ဖွင့်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူက ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်သည့်အလျောက် ပြည်သူ့အသံကိုနားထောင်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ ဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းကို ယနေ့မှ မတ် ၁၆ ရက်အထိ သင်ကြားသွားမည်ဖြစ်ပြီး နေပြည်တော် ဥတ္တရခရိုင်အတွင်းရှိ တပ်ကုန်း၊ ဇေယျာသီရိ၊ ဥတ္တရသီရိနှင့် ပုဗ္ဗသီရိလေးမြို့နယ်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၁၇ ဦးတို့ တက်ရောက်ကြသည်။

အလားတူ နေပြည်တော်ဒက္ခိဏခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၁၃)ဖွင့်ပွဲကို မွန်းတည့် ၁၂ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတွင် အဓိကအခြေခံအကျဆုံး အုပ်ချုပ်ရေး အဖွဲ့အစည်းများဖြစ်ပြီး ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရသူများ ဖြစ်သည့်အတွက် ပြည်သူလူထုကို ဗဟိုပြုသော ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်စေရေး အတွက် ရည်မှန်းချက်ထားပြီး ပေးအပ်သောတာဝန်ကို ကျေပွန်စွာ လုပ်ကိုင်နိုင်ရေးအတွက် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိ လေးမြို့နယ်မှ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ၁၂၄ ဦးတို့တက်ရောက်ကြပြီး သင်တန်းမှာ ယနေ့မှ မတ် ၁၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စိတ်ညစ်ပြီး တံတားပေါ်မှခုန်ချ

မုံရွာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလုံမြို့အနီး ချင်းတွင်းမြစ်ကူး တံတားပေါ်၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် အမျိုးသမီးတစ်ဦး တံတားပေါ်မှခုန်ချ၍ သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့သည်။

တံတားပေါ်မှခုန်ချသောအမျိုးသမီးမှာ ဆားလင်းကြီးမြို့နယ် ဝက်မေ့ရွာဟောင်းမှ အသက်(၃၅)နှစ်အရွယ် မချစ်ပုဆိုသူဖြစ်ပြီး အိမ်တွင်းရေးအဆင်မပြေ၍ စိတ်ညစ်ပြီး သေကြောင်းကြံကြောင်း ပတ်ဝန်းကျင်မှ ဆိုသည်။

အဆိုပါအမျိုးသမီးအလောင်းအား မုံရွာပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ ဆေးရုံမှ ပြင်ပဒဏ်ရာမတွေ့ရှိရပေ။ ယင်းမာပင်ရဲစခန်းမှ အဆိုပါဖြစ်စဉ်ကို သေမှုသေခင်း အမှတ်စဉ် ၇/၂၀၁၃ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ကြေးမုံ)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ဆေးပညာသတင်းဆန်းများ (၃၉)

ဒေါက်တာ ကံညွန့်

ကမ္ဘာတစ်လွှားလူဦးရေသန်းပေါင်းများစွာဟာ အိပ်မပျော်တဲ့ဝေဒနာခံစားနေခဲ့ကြရပါတယ်။ ဒီအိပ်မပျော်တဲ့အတွက် Benzodiazepine အမျိုးအခေါ် Diazepin ဆေးကိုပဲ အများအားဖြင့် အသုံးပြုနေခဲ့ကြရတာပါ။ ဒီဆေးဟာ အိပ်ပျော်စေတာတော့မှန်ပေမယ့် ကြာကြာသောက်သုံးတဲ့အခါ ဆေးမသောက်ရင်မဖြစ်တဲ့ အခြေအနေ (Dependent)ဖြစ်လာခြင်း၊ မှတ်ဉာဏ်စွမ်းအားကို အနည်းငယ်ထိခိုက်စေခြင်းတို့ ဖြစ်တတ်ပါတယ်။ အခုတော့ အိပ်မပျော်သူတွေအတွက် ဒီလိုဘေးထွက်ဆိုးကျိုးတွေလည်းမရှိတဲ့ အိပ်ပျော်ဆေးတစ်ခုကို ထုတ်လုပ်နိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်တစ်ခုကိုတော့ အမေရိကန်နိုင်ငံ Research Institute of Mc Gill University Health Center က သိပ္ပံပညာရှင်တွေက နှစ်ရှည်လများလေ့လာပြီး ဖော်ထုတ်ခဲ့ကြတာပါ။ သူတို့ဟာ ညအိပ်ပျော်နေတဲ့အချိန်မှာ လူ့ကိုယ်ခန္ဓာထဲမှာရှိတဲ့ Pineal Gland ကထုတ်လိုက်တဲ့ Melatonin ဟော်မုန်းကို အခြေပြုစမ်းသပ်ခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့ တွေ့ရှိချက်အရ ဦးနှောက်ထဲမှာ ဒီဟော်မုန်းရဲ့ Receptor နှစ်ခုဖြစ်တဲ့ MT - 1 နှင့် MT - 2 ထဲက တစ်ခုဖြစ်တဲ့ MT - 2 ဟာ အိပ်ပျော်ခြင်းနှင့် သက်ဆိုင်တယ်လို့ ဆိုပါတယ်။ ဒီ Receptor တစ်ခုကို တိတိကျကျ နှိုးဆွပေးနိုင်ပြီး ကျန်တဲ့ Side Effect ဘာမှမရှိတဲ့ UCM 765 ဆိုတဲ့ ဆေးကို တွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးဟာ များစွာသော အိပ်မပျော်သူတွေကို သဘာဝအတိုင်း အိပ်ပျော်နိုင်အောင် အစွမ်းရှိမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ သွေးအုပ်စုလေးမျိုး (A,B,AB,O)လို့ ရှိတဲ့အထဲက ဘယ်အုပ်စုဟာ နှလုံးရောဂါဖြစ်နိုင်ခြေပိုရှိတယ်ဆိုတဲ့ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Boston မြို့ Harvard School of Public Health ဌာနကလေ့လာခဲ့တာဖြစ်ပါတယ်။ ဒီလေ့လာချက်မှာ ထူးခြားတာက ဆေးပညာအသိုင်းအဝိုင်းက လူတွေကို လေ့လာခဲ့ကြတာဖြစ်ပြီး သူနာပြုအမျိုးသမီး ၆၂၀၇၃ ဦး ပါဝင်ခဲ့ပြီး အမျိုးသား ၂၇၄၂၈ ဦးမှာတော့ ဆရာဝန်တွေအပါအဝင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေပါဝင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ၎င်းတို့လေ့လာချက်အရ သွေးအုပ်စု A, B နှင့် AB တို့ဟာ သွေးအုပ်စု "O" ရှိသူထက် နှလုံးရောဂါ ဖြစ်နိုင်ခြေပိုများတယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ လူတွေမှာ အများဆုံးသွေးအုပ်စုဖြစ်တဲ့ "O" ရှိသူတွေက နှလုံးရောဂါဖြစ်နိုင်ခြေအနည်းဆုံးဖြစ်ပြီး လူတွေမှာ အနည်းဆုံးရှိတဲ့ သွေးအုပ်စု AB အုပ်စုကတော့ နှလုံးရောဂါ ဖြစ်နိုင်ခြေအများဆုံးလို့ သိရပါတယ်။ ယင်း AB အုပ်စုရှိသူတွေဟာ သာမန်လူတွေထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၂၃ ရာခိုင်နှုန်းပိုရှိပြီး B အုပ်စုရှိသူတွေက ၁၁ ရာခိုင်နှုန်း၊ A အုပ်စုရှိသူတွေက ၅ ရာခိုင်နှုန်း ရှိတယ်လို့ ၎င်းတို့ လေ့လာချက်မှာ ဖော်ပြထားပါတယ်။

ဒါဟာ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ တိတိကျကျမသိရပေမယ့် ဖြစ်နိုင်ခြေရှိတာကတော့ AB အုပ်စုရှိသူတွေဟာ Inflammation ခေါ် ရောင်ရမ်းမှုပိုရှိနေတာနဲ့ ဆက်စပ်နိုင်တယ်လို့ ဆိုပါတယ်။ သွေးကြောနံရံ ရောင်ရမ်းစေမှုက နှလုံးရောဂါကို ပိုဖြစ်စေတာလို့ ခန့်မှန်းကြပါတယ်။ နောက်တစ်ခုကတော့ သွေးအုပ်စု "A" ရှိသူတွေမှာတော့ Bad Type of Cholestrol ခေါ်တဲ့ Low Density Lipoprotein (LDL) ပိုများတာနဲ့ ဆက်စပ်တာကြောင့် ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သွေးအုပ်စု "O" ရှိသူတွေမှာ နှလုံးရောဂါနည်းနေတာကတော့ ဒီသွေး အုပ်စုရှိသူတွေမှာ သွေးခဲတာကိုကာကွယ်နိုင်တဲ့ Chemical တစ်မျိုးတွေ့ရလို့ပဲဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက်ကြီးလာရင်ဖြစ်တတ်တဲ့ ဦးနှောက်နှင့် ပတ်သက်တဲ့ Parkinson's ဆိုတဲ့ရောဂါကို Gene Therapy ပြုလုပ်ပေးခြင်းဖြင့် အောင်မြင်စွာကုသနိုင်ပြီဆိုတဲ့ သတင်းပါ။ Parkinson's Disease ဆိုတာ အသက်ကြီးလာရင် ခြေတုန် လက်တုန် ခေါင်းတုန်ဖြစ်ပြီး ကြွက်သားတွေ တောင့်တင်းပြီး ကိုယ့်ရဲ့ Posture (ကိုယ်နေဟန်) ကို ကိုယ်မထိန်းနိုင်ဖြစ်တတ်တဲ့ရောဂါပါ။ အစကတော့ ဒီရောဂါဟာ Dopamin နှင့် ပတ်သက်ပြီး Neurones တွေ ပျက်စီးလာလို့ ဒီလိုဖြစ်ရတာကြောင့် Methy Dopamine & Alpha Dopamine ဆေးတွေနဲ့ သက်သာအောင်ကုသနိုင်ခဲ့ကြတာပါ။ ယခုအသစ်တွေ့ရှိချက်အရ ဦးနှောက်ထဲမှာ GABA ဆိုတဲ့ Chemical လျော့နည်းသွားလို့ဖြစ်ရတာလို့ ဆိုပါတယ်။ ဒါကြောင့် ဒီ GABA ပိုထုတ်နိုင်အောင် စားပေးတဲ့ Gene တွေကို ထိုးသွင်းပေးခြင်းဖြင့် ပိုသက်သာအောင်ကုနိုင်ပြီလို့ New York Presbyterian Hosptial က ဦးနှောက်နှင့် အာရုံကြောဆရာဝန်တွေရဲ့ တွေ့ရှိချက်ကို Lanect Nerurology ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကာဗွန်မိုနောဆိုက်ဓာတ်ငွေ့ (Carbon monoxide) ဟာ လူ့နှလုံးခုန်မှုကို မမှန်ဖြစ်စေပြီး အသက်အန္တရာယ်ကို ထိခိုက်သည်ထိ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ကားတွေ၊ စက်ရုံတွေ၊ ရေနွေးငွေ့စက်တွေနဲ့ စီးကရက်မီးခိုးမှာ ဒီဓာတ်ငွေ့ပါနေတာဖြစ်ပါတယ်။ ဒီဓာတ်ငွေ့ဟာ နှလုံးပုံမှန်အလုပ်လုပ်နေမှုမှာ အရေးပါတဲ့ Sodium Channel ကို ပျက်စီးစေပြီး နှလုံးခုန်မမှန်မှုကိုဖြစ်ကာ သေစေနိုင်သည်အထိ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နောက်တစ်ခုက ဒီဓာတ်ငွေ့ သွေးထဲရောက်သွားတာနဲ့ သွေးထဲမှာရှိတဲ့ အရေးကြီးတဲ့ အောက်ဆီဂျင်ဓာတ်ကို မောင်းထုတ်ပစ်နိုင်တာမို့ အောက်ဆီဂျင်ဓာတ်ခန္ဓာကိုယ်အနှံ့ ရောက်နိုင်ရေးမှာ အနှောင့်အယှက်ပြုနိုင်တယ်လို့ ဆိုပါတယ်။ ဒီဓာတ်ငွေ့များများ ရှူမိသူတွေမှာ ခေါင်းကိုက်ခြင်း၊အသက်ရှူကျပ်ခြင်း၊ ပျို့ဝေအော့အန်ခြင်း၊ ခေါင်းမူးခြင်း၊ သတိလစ်ခြင်း၊ နှလုံးခုန်မမှန်ခြင်းတို့ဖြစ်ပေါ်စေပါတယ်။ ဖြစ်စလူတွေမှာ ရင်ဘတ်အောင့်ခြင်း၊ (Angina) ဖြစ်တဲ့အခါ သောက်ရတဲ့ Nitrol ဆေးဟာ အတော်အတန်သက်သာနိုင်တယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံမှာ ဒီဓာတ်ငွေ့ကြောင့် နှစ်စဉ် လူ ၅၀ ထက်မနည်း သေဆုံးနေရကြောင်း အင်္ဂလန်နိုင်ငံ Leeds University က ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်ကို American Journal of Respiratory and Critical Care Medicine ဂျာနယ်မှာ ဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဥရောပနိုင်ငံတွေမှာ မွေးဖွားတဲ့ကလေးတွေမှာ မွေးရာပါနှလုံးရောဂါဖြစ်ပွားနှုန်း သိသိသာသာကျဆင်းသွားတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အခြေစိုက်တဲ့ National Institute For Health and Medical Research က လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ဥရောပ ၁၆ နိုင်ငံက မွေးတဲ့ကလေးတွေကို ၁၉၉၀ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်ထိ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ယင်းအချိန်အတွင်း ကလေးပေါင်း ခုနစ်သန်းမွေးဖွားခဲ့ပြီး မွေးရာပါနှလုံးရောဂါရှိသူ ကလေး ၄၇၀၀ ကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ ၂၀၀၄ ခုနှစ်က ကလေးတစ်ထောင်မွေးတိုင်း ခုနစ်ယောက်နှုန်း မွေးရာပါနှလုံးရောဂါရှိရာကနေ ၂၀၀၇ ခုနှစ်မှာ ခြောက်ယောက်နှုန်းသာရှိတော့တယ်လို့ ဆိုပါတယ်။ ဒီလိုပဲ တစ်နှစ်ကို လေးရာခိုင်နှုန်းစီ ကျဆင်းခဲ့တာ ယခုအချိန်ထိဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတာ အတိအကျမသိသေးပေမယ့် မိခင်ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်၊ အရက်သောက်သုံးမှု၊ Measle, Mump စသည့် Virus ရောဂါဖြစ်မှုတွေ ကျဆင်းလာမှုကြောင့် ဖြစ်နိုင်တယ်လို့ သိရကြောင်း တင်ပြလိုက်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ မိန်းမတွေဟာ ယောကျ်ားတွေထက် အသက်ကြီးတဲ့အခါဖြစ်ပေါ်တတ်တဲ့ အမေ့လွှန်ရောဂါ (Alzheimer) ရောဂါရဲ့ ဒဏ်ကို ပိုပြီးစောစီးစွာ ခံရတယ်ဆိုတဲ့ လေ့လာချက်ပါ။ ဒီလေ့လာချက်ကိုတော့ အင်္ဂလန်နိုင်ငံ University of Hertfordshire က ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ၎င်းရောဂါရှိသူ အမျိုးသား ၈၂၈ ဦးနှင့် အမျိုးသမီး ၁၂၃၈ ဦးကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ယောကျ်ားတွေမှာ မိန်းမတွေထက် အမေ့လွှန်ရောဂါဖြစ်လာခြင်းကို ပိုပြီးခုခံနိုင်တာတွေ့ရတယ်လို့ ဆိုပါတယ်။ အသက်၊ ဉာဏ်ပညာ၊ အရည်အချင်း၊ အလုပ်အကိုင်၊ လူနေမှုစနစ်အရ ယောကျ်ားတွေကသာနေပေမယ့် ဒီအချက်အလက်တွေ တူညီနေစေကာမူ မိန်းမတွေဟာ အသက်အရွယ်အလျောက် စိတ်ပြောင်းလဲမှုကို ယောကျ်ားတွေထက် ပိုခံစားလွယ်တာ တွေ့ရတယ်လို့ ဆိုပါတယ်။ ရောဂါဖြစ်နေသူ အချင်းချင်းမှာလည်း မိန်းမတွေရဲ့ အမေ့လွှန်မှုဟာ ပိုဆိုးတယ်လို့ တွေ့ရကြောင်း လေ့လာထားချက်ကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ထိုးဆေးထုတ်လုပ်ရာမှာ မသန့်ရှင်းတဲ့ပိုးမွှားတွေပါသွားလို့ လူတွေသေဆုံးရတဲ့သတင်းပါ။ ဦးနှောက်အမြှေးပါးရောဂါကုသရာမှာ အသုံးပြုရတဲ့ Preservation Free Methyl Prednisolne ထိုးဆေးထုတ်လုပ်ရာမှာ ပါဝင်တဲ့(ပိုးမွှား)တွေကြောင့် လူ ၂၅ ယောက်သေဆုံးရတဲ့ သတင်းပါ။ ဒီဆေးဟာ အဆစ်အမျက်ရောင်ရမ်းတဲ့ရောဂါတွေမှာ အသုံးပြုတဲ့ဆေးပါ။ ဒီဆေးကြောင့် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်မှာ Meniginitis ဖြစ်နေတဲ့ ဝေဒနာရှင် ရာပေါင်းများစွာကို ကုသရာမှာ ၂၅ဦး သေဆုံးပြီးမှ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီဆေးရဲ့ တချို့ပုလင်းတွေထဲမှာ အမည်းစိမ်းရောင်အဖတ်တချို့တွေ့ရပြီး တချို့ပုလင်းတွေထဲမှာ အဖြူရောင်အဖတ်တွေ တွေ့ရတယ်လို့ FDA ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီဆေးတွေဟာ New England Compounding Centre က ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ FDA အစီရင်ခံစာအရ ဒီကုမ္ပဏီရဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်က ထုတ်ပြန်တဲ့ကြေညာချက်မှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဒီဆေးထုတ်လုပ်တဲ့အခန်းမှာ ပိုးသန့်ရှင်းနေရမယ့်အစား ဗက်တီးရီးယားပိုးမွှားတချို့ တွေ့ရှိခဲ့တယ်လို့ ဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ ဆေးပညာသတင်းကတော့ IVFလို့ခေါ်တဲ့ In Vitro Fertilization မျိုးဥကို အပြင်မှာသားစပ်ပြီးမှ သားအိမ်ထဲထည့်ပေးတဲ့နည်းနဲ့ ကိုယ်ဝန်ဆောင်ပြီး မွေးဖွားလာတဲ့ကလေးတွေမှာ မွေးရာပါချို့ယွင်းချက်နှုန်း သိသိသာသာ မြင့်တက်နေတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ Califonia ကဆေးပညာရှင်တွေက ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ယင်းနည်းနှင့် မွေးဖွားခဲ့ကြတဲ့ကလေး ၄၇၉၅ ဦးနှင့် သာမန်မွေးဖွားခဲ့ကြတဲ့ ကလေး ၄၆၀၂၅ ဦးတို့ကို လေ့လာပြီး တင်ပြထားတာ ဖြစ်ပါတယ်။ ဒီကလေးအားလုံးမှာ မွေးရာပါချို့ယွင်းချက် ရှိသူ ကလေးပေါင်း ၃၄၆၃ ဦးရှိတယ်လို့ ဆိုပါတယ်။ ဒီကလေးတွေထဲမှာ ကိုးရာခိုင်နှုန်းက IVF က မွေးတဲ့ ကလေးတွေဖြစ်ပြီး ၆ ဒသမ ၆ ရာခိုင်နှုန်းကတော့ ပုံမှန် မွေးတဲ့ကလေးတွေဖြစ်တယ်လို့ သိရပါတယ်။ ဒီလို မွေးရာပါချို့ယွင်းချက်ရှိတဲ့ ကလေးတွေထဲမှာ မျက်စိချို့ယွင်းသူ သုညဒသမ သုံးရာခိုင်နှုန်း၊ နှလုံးချို့ယွင်းသူ ငါးရာခိုင်နှုန်း၊ ဆီးလမ်းကြောင်းချို့ယွင်းသူ တစ် ဒသမ ငါးရာခိုင်နှုန်းရှိတယ်လို့ ဆိုထားပါတယ်။ ခြုံပြီးတွက်လိုက်ရင် သာမန်မွေးတဲ့ ကလေးထက် IVF နည်းနဲ့မွေးတဲ့ ကလေးတွေမှာ ၁ဒသမ ၂၅ ဆ ကိုယ်အင်္ဂါချို့ယွင်းတဲ့ကလေးမွေးဖို့ အခွင့်အလမ်း ပိုများတယ်လို့ ထောက်ပြထားကြောင်း American Academy of Pediatrics ညီလာခံမှာ တင်ပြတဲ့ အစီရင်ခံစာကို ဖော်ပြရင်း ယခုအပတ် ဆေးညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

GOLDEN PASS
TRAVELS & TOURS CO.,LTD.
ခရီးလက်မှတ် (အိန္ဒိယ+နီပေါ) မဇ္ဈိမဒေသဘုရားဖူးအဖွဲ့
ဘန်ကောက်~ပတ္တရား (၄ ညအိပ် ၅ ရက်) ၅.၃ သိန်း
Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

လွှတ်တော်ရေးရာကဏ္ဍ

☆ ပြည်ထောင်စုလွှတ်တော်မှ

ရေအားလျှပ်စစ်စီမံကိန်းမှလည်း မဂ္ဂါဝပ်(၁၀၀)ခန့် ထုတ်လုပ်နိုင်ရန်ဆောင်ရွက်ထားပါကြောင်း၊ ထို့ကြောင့် နွေရာသီလိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏမှာ မဂ္ဂါဝပ်(၂၀၀)ခန့်သာ ရှိတော့မည်ဖြစ်ပါကြောင်း၊ ယခင်နှစ်အတွေ့အကြုံများအပေါ် အခြေခံ၍ ဖေဖော်ဝါရီလအထိ ပြည်သူများအား ၂၄ နာရီ ဓာတ်အားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပေါင်းလောင်း ဓာတ်အားပေးစက်ရုံတို့ကိုလည်း နွေရာသီတွင် ရေမပြတ်တောက်စေရေးအတွက် ရေကိုထိန်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်အပေါ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက "လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရှင်းလင်းသွားတာ (၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ရေတိုဆန်ပါတယ်။ နွေရာသီမှာ လျှပ်စစ်လိုအပ်ချက်ကို Gas တာဘိုင်တွေနဲ့ အစားထိုးပြီး ဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ ဥပမာ- ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို (၅၀) မဂ္ဂါဝပ် Gas တာဘိုင်လေးလုံးနဲ့ မဂ္ဂါဝပ်(၂၀၀)ဖြည့်ဆည်းပေးမယ်။ ဒါကလတ်တလောလိုအပ်ချက်ကို ဖြည့်ဆည်းပေးတာ။ ဒုတိယတင်ပြသွားတာကတော့ ရေရှည်စီမံကိန်းပေါ့။ ဒါကတော့ကောင်းပါတယ်။ နိုင်ငံတကာမှာလည်း လုပ်နေတယ်။ ဧရာဝတီမြစ်ကြီးရဲ့ လက်ရှိအနေအထားပေါ်ကနေ လျှပ်စစ်ဓာတ်အား ထုတ်ယူမှာ။ Low head Dam လို့ခေါ်တယ်။ မြစ်ကြောင်းကို အဆင့်လိုက်ကန့်ပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်ယူမှာဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘူး၊ မြစ်ကြောင်းပျက်စီးမှု၊ ကမ်းပါးပြိုမှု၊ လယ်မြေများရေနစ်မြုပ်မှု၊ ရေဝပ်ဧရိယာဖြစ်ပေါ်မှုတွေမရှိတဲ့အပြင် ဧရာဝတီမြစ် ရေရှည်တည်တံ့ဖို့အတွက် အကောင်းဆုံးဖြစ်တဲ့အတွက် ဒီစီမံကိန်းဟာ အကောင်းဆုံးစီမံကိန်းဖြစ်လို့ အကောင်အထည်ဖော်သင့်တယ်လို့ ပြောချင်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒအပိုင်းတွင် ထပ်မံဖြည့်စွက်မည့်(၂)ချက်မှာ မိုဘိုင်းတယ်လီဖုန်းများအား တပ်ဆင်အသုံးပြုသွားရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ အသုံးပြုနိုင်သောစနစ်ဖြစ်သည့် 3G နှင့်အထက် သုံးစွဲနိုင်ရန် သတ်မှတ်ထားရှိပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆိုသည့်အချက်နှင့် 3G မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုနိုင်မည့် ကိရိယာများအပြင် ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်သည့် ICT Eco System ဖြစ်သော (ဥပမာ- e-Government, e-Visa, e-Procurement, e-License, e-Payment, Online Billing System) တို့ကိုလည်း အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆိုသည့်အချက်တို့ဖြစ်ပါကြောင်း၊ ရည်မှန်းချက်အပိုင်းတွင် ထပ်မံဖြည့်စွက်မည့်အချက်မှာ မြို့ပြနှင့်ကျေးလက် တယ်လီဖုန်းသိပ်သည်းဆ(Density) တစ်ပြိုင်နက် အချိုးညီတိုးတက်စေရေးအတွက် မျှော်မှန်းချက်အနေဖြင့် အသစ်ဖြစ်ပေါ်လာမည့် Operator များမှ လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့်ဝင်ငွေ၏ အချိုးတစ်ခုကို Universal Service Obligation (USO) ရန်ပုံငွေအဖြစ်ထူထောင်ပြီး ကျေးလက်ဒေသ တယ်လီဖုန်း

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ။
(ဓာတ်ပုံ-အေးမင်းစိုး)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်။
(ဓာတ်ပုံ-အေးမင်းစိုး)

အလုံ မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်။
(ဓာတ်ပုံ-အေဝမ်းစိုး)

သိပ်သည်းဆနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အချိုးညီတိုးတက်လာစေရန် ဆက်သွယ်ရေးဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲထားရှိ ဆောင်ရွက်ရန် ရည်မှန်းထားရှိပါကြောင်းဟူ၍ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်အပေါ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က "ယနေ့ဆက်သွယ်ရေး IT ကဏ္ဍဟာ ပြည်သူလူထုဖွံ့ဖြိုးတိုးတက်စေဖို့အရေးကြီးတယ်။ ကျေးလက်၊ မြို့ပြ တန်းတူညီတူဖြစ်အောင်၊ ကွာဟချက်နည်းအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒရှိတယ်။ ဒါပေမယ့် အချိန်လိုတယ်။ နည်းနည်း စိတ်ရှည်ရမယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာရှိတယ်။ ပြည်သူလူထုစိတ်ရှည်ပါလို့ ပြောချင်ပါတယ်"ဟု ပြောပြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှု ပြုလုပ်ရာတွင် တစ်ပိုင်တစ်နိုင်ကုန်သွယ်မှုပြုသည့် ဒေသခံကုန်သည်ငယ်များဆောင်ရွက်နိုင်ရန်အတွက်လည်း တစ်ဦးတည်းပိုင် ထုတ်ကုန်/သွင်းကုန် လုပ်ငန်းရှင်ကတ်များကို နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် တမူး၊ မူဆယ်၊ မြဝတီ၊ တာချီလိတ်တို့၌ စမ်းသပ်ကာလအဖြစ် ထုတ်ပေးလျက်ရှိပြီး နောင်တွင် ကျန်နယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း ဆက်လက်ထုတ်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် စီစဉ်ထားရှိမှုအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ထိုင်းနိုင်ငံတာဝန်ရှိသူများထံ သံတမန်နည်းလမ်းဖြင့် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၌ မောတောင်နှင့်ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကယားပြည်နယ်၌ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးစရိတ်လိုအပ်ချက်ကို နိုင်ငံတော်က နှစ်စဉ်ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ချေးငွေ (၃၄၀၇၇၄ ဒသမ ၅၈) ကျပ်သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ချေးငွေ(၆၀၃၇၀၀)ကျပ်သန်း ထုတ်ချေးပေးခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် နှစ်စဉ်လျာထားသတ်မှတ်ပေးထားသည့်အခွန်ငွေများကို ပြည့်မီကျော်လွန်အောင် ကောက်ခံလျက်ရှိရာတွင် တစ်ပြေးညီကောက်ခံရရှိနိုင်ရေး လုပ်ငန်းတူအခွန်ထမ်းများ ညီမျှသောအခွန်ကျသင့်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ သတင်းအချက်အလက်များဖလှယ်ခြင်း၊ ရသင့်ရထိုက်သောအခွန်ငွေများကို လွတ်ကင်းမှုမရှိစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ အခွန်ထမ်းသစ် ဖော်ထုတ်ရေးကိုလည်း မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနိမ့်ဆုံးသတ်မှတ်ချက်မူဝါဒ အနေဖြင့် နှစ်စဉ်မှတ်ပုံတင်ပြီး အခွန်ထမ်းဦးရေ၏ (၂၀) ရာခိုင်နှုန်းအား အခွန်ထမ်းသစ်ရရှိရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနအား နိုင်ငံတကာ အကောက်ခွန်အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် တစ်နေရာတည်းမှာ ခေတ်မီ ICT နည်းပညာ အသုံးပြုဆောင်ရွက်သည့် ပြတင်းတစ်ပေါက်စနစ် (Single Window System)အား ပြည်ပအထောက်အပံ့ အကူအညီရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ အသိပေးတင်ပြရာတွင် ဂျပန်နိုင်ငံနှင့် ကြွေးမြီရှင်းလင်းရာတွင် ကြွေးမြီစုစုပေါင်း၏ (၆၀)ရာခိုင်နှုန်းအား လျှော်ပစ်ခဲ့ပြီး ကျန်(၄၀)ရာခိုင်နှုန်းကိုသာ အတိုးနှုန်း တစ်နှစ်လျှင် (၀ ဒသမ ၀၁)ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ (၁၀) နှစ်၊ ပြန်ဆပ်ကာလနှစ်(၃၀) စုစုပေါင်း နှစ်(၄၀)ဖြင့် ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းခြင်းဖြစ်သဖြင့် မိမိတို့အတွက် အလွန်သက်သာသော ကြွေးမြီရှင်းလင်းသည့်ပုံစံကို ရရှိခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က "ဝန်ကြီးရဲ့ ကြွေးမြီရှင်းလင်းဆောင်ရွက်ပြီးစီးမှုနဲ့ ပတ်သက်လို့ ရှင်းလင်းသွားတာ ပြည်သူတွေသိသင့်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ကြွေးမြီရှိနေရင် ပြည်သူတွေရော၊ အစိုးရရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရောအားလုံး စိတ်မချမ်းသာပါဘူး။ ဒါကို နိုင်ငံတော်အစိုးရက JICA နဲ့ပူးပေါင်းပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တွေက ကြွေးမြီတွေပြန်ဆပ်နိုင်ခဲ့တယ်။ ဒီလိုပြန်ဆပ်နိုင်တဲ့အတွက် တစ်ဖက်က ချေးငွေတွေပြန်ရလာတယ်။ ကြွေးမြီကင်းရှင်းသွားတဲ့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာတယ်။ ရှေ့လျှောက် ဘဏ်လုပ်ငန်းစနစ်တွေ တိုးတက်လာမယ်။ အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ဒီဘဏ်တွေက ကူညီလာနိုင်မယ်။ နိုင်ငံဖွံ့ဖြိုးရေးတွေမှာ ပါဝင်ဆောင်ရွက်လာနိုင်မယ်။ ဒါကြောင့် ကောင်းမွန်တဲ့ အခြေအနေတွေ ဖြစ်ပေါ်လာမယ်လို့ ထင်မြင်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်သို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်များကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

လွှတ်တော် အစည်းအဝေး ကျင်းပပုံများကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများနှင့် အများပြည်သူ ဝင်ရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (Japan Bank for International Cooperation- JBIC)မှ အုပ်ချုပ်ရေးမှူး Mr. Hiroshi Okuda ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးနှင့် ရန်ကုန်မြို့ Strategy First Institute ပုဂ္ဂလိက သင်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၉ ဦး လာရောက်ကြည့်ရှုလေ့လာခဲ့သည်။ **(အောက်ပုံ)**

ထိုသို့လာရောက် လေ့လာကြသည့်အနက် Strategy First Institute ဈေးကွက်ပညာနှင့် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ အဖွဲ့ခေါင်းဆောင် ကိုအောင်ချစ်ခင်နှင့် တစ်ခဏတာ တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ လွှတ်တော်ကို လာရောက်လေ့လာရတဲ့ ရည်ရွယ်ချက်ပြောပြပေးပါဦး။

ဖြေ။ ကျွန်တော်တို့ ကျောင်းသားတွေ ဗဟုသုတအနေနဲ့ လာရောက်လေ့လာတာပါ။ ကျောင်းမှာလည်း ပြည်သူ့ဆက်ဆံရေးပညာသင်တော့ တချို့အပိုင်းလေးတွေကို စိတ်ဝင်စားကြပါတယ်။

မေး။ လွှတ်တော်ကို လာရောက်လေ့လာတဲ့အခါ အခက်အခဲတစ်စုံတစ်ရာ ရှိပါသလား။

ဖြေ။ ဘာအခက်အခဲမှ မရှိပါဘူး။ တော်တော်လေး အဆင်ပြေပါတယ်။ ကျွန်တော်တို့ တောင်းဆိုတာကို ဒီဘက်က လိုလိုလားလား လိုက်လျောပေးပါတယ်။

မေး။ လွှတ်တော်ကို ဒါပထမဆုံးအကြိမ် လာရောက်လေ့လာတာဆိုတော့ အရင်ကလွှတ်တော်ကို မလေ့လာဖူးသေးတဲ့ အချိန်နဲ့ အခုလွှတ်တော်အစည်းအဝေး ကျင်းပပုံတွေကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရပြီးနောက် ဖြစ်ပေါ်လာတဲ့ခံစားချက်နဲ့ သုံးသပ်ချက်လေးပြောပြပါဦး။

ဖြေ။ ကျွန်တော်တို့ကတော့ အခုအစီအစဉ်တစ်ပိုင်းလေးကိုပဲ လေ့လာရသေးတာပါ။ တချို့ကိစ္စတွေကျတော့ ကျွန်တော်တို့လည်း မလေ့လာရသေးဘူး။ ဒါပေမယ့် ဒီမနက်ဆွေးနွေးသွားတာတွေကိုတော့ တော်တော်လေး အားရပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ပြန်လည် ရှင်းလင်းပြောကြားချက်တွေကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အသေးစား စီးပွားရေးလုပ်ငန်းတွေအကြောင်း အဓိကထား ဆွေးနွေးသွားတာကိုလည်း သဘောကျပါတယ်။

ဟုတ်ကဲ့ခင်ဗျာ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ကျေးဇူးတင်ပါတယ်။

Strategy First Institute မှ ကိုအောင်ချစ်ခင်။

ထို့ပြင် Strategy First Institute သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လူငယ်များ အရက်သေစာ သောက်သုံးမှုနှင့် ပတ်သက်၍ အသေးစိတ် လေ့လာသုတေသနပြုထားပြီး အသက်(၂၁)နှစ်အောက် ကလေးများနှင့် လူငယ်များကို အရက်သေစာ ရောင်းချခြင်း ကန့်သတ်သည့်ဥပဒေများ ထုတ်ပြန်ပေးပါရန် လွှတ်တော်ကိုယ်စားလှယ်များသို့ မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။ ။

တွေ့ဆုံမေးမြန်း - မှတ်တမ်းဓာတ်ပုံ
အေဝမ်းစိုး(ကြေးမုံ)

မန္တလေး-မြစ်ကြီးနား ရထားများ အချိန်ပြောင်းလဲ

မန္တလေး ဖေဖော်ဝါရီ ၁၉

မြန်မာ့မီးရထားက မန္တလေး-မြစ်ကြီးနား ရထားများလမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရထားထွက်ခွာချိန်များကို ပြင်ဆင်ပြောင်းလဲထားရာ မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာသော အမှတ်(၃၇) အဆန် အမြန်ရထားသည် မန္တလေးဘူတာကြီးမှ နံနက် ၄ နာရီ မိနစ် ၃၀ တွင်လည်းကောင်း၊ အမှတ်(၃၃) အဆန် အိပ်စင်ရထားသည် ညနေ ၅ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၅၅)အဆန် အမြန်ရထားသည် ည ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၅၇)အဆန် အမြန်ရထားသည် ည ၈ နာရီတွင်လည်းကောင်း၊ အမှတ်(၄၁)အဆန် စာပို့ရထားသည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ အမှတ်(၄၇)အဆန် မန္တလေး-နဘားရထားသည် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ပြောင်းလဲပြေးဆွဲကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လှိုင်ကော်တက္ကသိုလ် ဘက်စုံခန်းမ၌ လှိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(လှိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တို့မှ ဆရာ ဆရာမများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

※စီးပွားရေးလုပ်ငန်းမှ

အစရှိသည်တို့ ပြည့်စုံမှသာလျှင် ရှိပြီးသား မိရိုးဖလာလယ်ယာခြံစိုက်ပျိုးမွေးမြူရေးလုပ်ငန်း စသည်တို့မှာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပြီး ဒေသခံလူထု၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာနိုင်မည် ဖြစ်ပါကြောင်း။

အထူးသဖြင့် ယခု(၂၁)ရာစုခေတ်တွင် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည့် ပညာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာမှသာ တန်ဖိုးမြင့်မားသည့် "ဦးနှောက်သုံးစက်မှုလုပ်ငန်း"များ ဖွံ့ဖြိုးပြီး ရေရှည်စီးပွားရေးတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ကယားပြည်နယ် ပြည်သူပြည်သားများ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတောင်းခံသည်ကို ပြန်ကြည့်လျှင် ချက်ချင်းဖြေရှင်းပေးနိုင်သည်ကို ယခု ပါလာသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများက ဖြေရှင်းပေးပြီး ယခုအဖွဲ့ဖြင့် ဆောင်ရွက်မပေးနိုင်သည်များကို ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ များသောအားဖြင့် တွေ့ကြုံရသည့် အခက်အခဲမှာ ဘဏ္ဍာရေးပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာနှင့်ယှဉ်ကြည့်သည့်အခါ ဆင်းရဲသည့်နိုင်ငံအဆင့်တွင် ရှိနေပါသေးကြောင်း၊ ကုလသမဂ္ဂအဖွဲ့ UNDP နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ပြုလုပ်ခဲ့သည့် ၂၀၀၅-၂၀၁၀ ခုနှစ် မြို့နယ် ၁၁၆ မြို့နယ်၊ အိမ်ထောင်စု ၁၈၆၆၀ တို့၏မိသားစုလူနေမှုအဆင့်အတန်း စစ်တမ်းကောက်ချက်အရ တစ်နိုင်ငံလုံး၏ ပျမ်းမျှဆင်းရဲနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၀ တွင် ၂၆ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းဖြစ်ရန် ရည်မှန်းထားပါကြောင်း။

ကယားပြည်နယ်၏ ဆင်းရဲမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ကမ္ဘာတွင် ဆင်းရဲသည်ဆိုသည်မှာ လူတစ်ဦး၏ တစ်ရက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ အောက်၊ ကာလပေါက်ဈေး ငွေကျပ် ၈၅၀ ကျပ်နှင့် တွက်လျှင် ငွေကျပ် ၁၇၀၀ အောက်ရှိသူများကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါကြောင်း၊ လူမှုအသိုင်းအဝိုင်းက ယေဘုယျသတ်မှတ်ချက်မှာ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးပြည့်စုံမှုမရှိလျှင် ဆင်းရဲသည်ဟု သတ်မှတ်ကြမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် မျှတသည့် ရာသီဥတု၊ ပေါများလှသည့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ထူထပ်သည့်သစ်တော၊ ကြွယ်ဝသည့် မြေပေါ်မြေအောက် သယံဇာတများ ရှိပါလျက်နှင့် ဆင်းရဲရသည်ဆိုခြင်းမှာ အကြောင်းများရှိပြီး ယင်းအကြောင်းအရာများကို ပြုပြင်နိုင်လျှင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးမှုအတွက် တာဝန်ယူထားရသည့် သူများ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ကြိုးစားအားထုတ်မှု၊ ပညာရှင်များတွင် ရှိကြသည့် နည်းပညာနှင့်လုပ်ငန်းရှင်များ၏ အရင်းအနှီးပြည့်စုံမှု၊ ဒေသ၏ ငြိမ်းချမ်းရေးအခြေအနေ၊ အိမ်နီးချင်းနှင့် ဒေသတွင်း ကုန်သွယ်ဖောက်ကားနိုင်မှု စသည့် အချက်များပေါ်မူတည်ပြီး နိုင်ငံတစ်နိုင်ငံ ချမ်းသာသည်၊ ဆင်းရဲသည်ကို ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စနစ်ဟောင်းမှ စနစ်သစ်တစ်ခုပြောင်းနေပြီဖြစ်ပါကြောင်း၊ ယခင်တစ်ပါတီစနစ်ခေတ်မှ ယခုပါတီစုံစနစ် ဒီမိုကရေစီခေတ်ကို ပြောင်းနေပါကြောင်း၊ စနစ်သစ်အရ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ ပေါ်လာပြီး တစ်ခုနှင့်တစ်ခု ထိန်းကျောင်းခြင်း ပြုနေကြပါကြောင်း၊ လက်ရှိ ရှိနေသည့် အခြေအနေမှာ မိမိမျှော်မှန်းထားသကဲ့သို့ မျှော်လင့်ထားသကဲ့သို့ ဖြစ်ချင်မှဖြစ်ပါလိမ့်မည်ဖြစ်ပါကြောင်း၊ သို့သော် အပြောင်းအလဲတစ်ခုဖြစ်ပေါ်နေသည်ကတော့ ငြင်းကွယ်၍မရသည့်အချက်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲဖြေလျှော့မှု၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အသီးသီးတွင် ပြည်သူကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၊ တောင်းဆို၊ ဝေဖန်၊ ဖြေရှင်းပေးလာသည့် ကိုယ်စားလှယ်များဖြစ်လာပြီဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များကလည်း ယခင်က တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်မရသည့် အခြေအနေမှ ယခုပူးပေါင်းဆောင်ရွက်လာသည့် အခြေအနေရှိလာပါပြီဖြစ်ပါကြောင်း။

စီးပွားရေးတွင်လည်း ဈေးကွက်စီးပွားရေး ပီပြင်အောင် ဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်ထက် ပုဂ္ဂလိကပိုင်ကို ပိုပြီးအားပေးနေပါကြောင်း၊ ဈေးကွက်စီးပွားရေးအတွက် လိုအပ်သည့် ငွေကြေးဆိုင်ရာ ပြုပြင်မှုကြောင့် ယနေ့ငွေကြေး ခိုင်မာတည်ငြိမ်နေပါကြောင်း၊ အကောက်ခွန်ဆိုင်ရာ ဖြေလျှော့မှုကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ပြီး ကုန်ဈေးနှုန်းလည်း တောက်လျှောက်တည်ငြိမ်နေပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် ဥပဒေရေးဆွဲပြီး ဖိတ်ခေါ်နေသည်ကိုလည်း အားလုံးအသိဖြစ်ပါကြောင်း။

ကယားပြည်နယ်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအပြင် ဆက်နွှယ်နေသည့် အချက်တစ်ခုမှာ နယ်စပ်ကုန်သွယ်ရေးဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေး ပီပြင်လာသည်နှင့်အမျှ ကယားပြည်နယ်နှင့် ဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင် ကယားပြည်နယ်အစိုးရနှင့် ပြည်သူများ၊ အားသွန်ခွန်စိုက်ကြိုးပမ်းဖို့ လိုအပ်မှာဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးပါကဒေသ၏စီးပွားရေးပါ ဖွံ့ဖြိုးလာမှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းလည်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

နောက်ဆုံးတစ်ခုမှာ ဤဒေသတွင်ရှိသည့် စစ်ရေးပဋိပက္ခများ ချုပ်ငြိမ်းပြီး နယ်မြေတည်ငြိမ်အေးချမ်းပါမှ ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းနိုင်စေရန် နိုင်ငံတော်အစိုးရ တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ပြည်သူလူထုတစ်ရပ်လုံးကပါ ပါဝင်လုပ်ဆောင်ကြပါမှ ရနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကယားပြည်နယ်ပြည်သူပြည်သားများ ဆင်းရဲနွမ်းပါးမှုကျဆင်းပြီး ပြည်သူလူထုအားလုံးက ခေတ်သစ် စနစ်သစ်ပြုပြင်ပြောင်းလဲမှု၏ အသီးအပွင့်များ ခံစားနိုင်ကြရန်အတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ရပ်မိရပ်ဖများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ မိုဘိုင်းဆက်သွယ်ရေးစနစ်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြန်လည်ရှင်းလင်းပြောကြားရာတွင် ဖွံ့ဖြိုးရေးကိစ္စများကို စာဖြင့် တင်ပြစေလိုပါကြောင်း၊ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် လိုအပ်သော ငွေကြေးများကို နှစ်စဉ်တိုးချဲ့ချပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နှစ်တိုနှစ်ရှည်စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဒေသခံရပ်မိရပ်ဖများ တင်ပြသော ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ တင်ပြချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အချို့သော ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိ၍ မူဘောင်အတွင်းရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

တိုင်းရင်းသားရေးရာကိစ္စများမှာ နူးညံ့သိမ်မွေ့သော ကိစ္စဖြစ်ပြီး တိုင်းရင်းသားအခေါ်အဝေါ်များ ကွဲပြားသည့် ကိစ္စကို နည်းလမ်းရှာပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူသည့်အခါတွင် မိမိတို့ တိုင်းရင်းသားအမည်များကို အမှန်ဖော်ပြနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းသည့် DTH Sky Net ရုပ်သံဖမ်းစက် ၁၄ စုံကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ အောင်မြင်သူအုပ်စု ကုမ္ပဏီလီမိတက်မှ ဦးလှမျိုး၊ Adventure Myanmar Co.,Ltd. မှ ဦးအောင်မျိုးမင်းဒင်နှင့် ရွှေလက်ာ ဆောက်လုပ်ရေးမှ ဦးအောင်ကျော်ဝင်းတို့က ငွေကျပ် သိန်း ၅၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုလက်ရှိကျင့်သုံးနေသော ဒီမိုကရေစီစနစ်သည် လူတိုင်းတင်ပြဆွေးနွေးခွင့်ရသော စနစ်ဖြစ်ပါကြောင်း၊ ကယားပြည်နယ် ပြည်သူများအနေဖြင့်လည်း လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြနိုင်ကြောင်း၊ Media များကိုလည်း လွတ်လပ်ခွင့်ပေးထားပြီး မိမိတို့၏ လိုအပ်ချက်အခက်အခဲများကို ဂျာနယ်၊ မဂ္ဂဇင်း၊ ဆောင်းပါးများမှလည်း ရေးသားတင်ပြနိုင်ကြောင်း၊ သို့သော် မိမိ၏ ရေးသားတင်ပြချက်များကို မိမိတို့ တာဝန်ယူရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့နှင့် လွှတ်တော်အဖွဲ့အစည်းများသို့လည်း စာရေးသားတင်ပြနိုင်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒီးမော့ဆိုမြို့နယ် စံပြ(၆) မိုင်အုပ်စု အမှတ်(၂)ငွေတောင်စိုက်ကွင်း၌ ကျင်းပသည့် နွေစပါးစုပေါင်းထွန်ယက်မျိုးစေ့ချပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က ကယားပြည်နယ်၏ မြေအသုံးချမှုအခြေအနေ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးမည့်အစီအစဉ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေတောင်စိုက်ကွင်း မျိုးဖြန့်ဖြူးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ခင်းကျင်းပြသထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးဆန်နှင့် မျိုးစေ့နမူနာများ၊ နွေစပါးတွင် အသုံးပြုမည့် သွင်းအားစုဓာတ်မြေဩဇာနမူနာများကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စံပြစိုက်ကွင်းအတွင်း အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို မျိုးစေ့ချစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် ဒီးမော့ဆိုမြို့နယ်မှ တောင်သူများအား ပုလဲသွယ် မျိုးစပါးနှင့် ဓာတ်မြေဩဇာများကို ပေးအပ်ကြသည်။ အဆိုပါ စိုက်ခင်းတွင် စိုက်ပျိုးကွင်းဧရိယာ ၃၇၈ ဧကရှိပြီး စိုက်ပျိုးနိုင်သည့်ဧကမှာ ဧက ၃၅၀ ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် နွေစပါးမျိုးစေ့ချပွဲသို့ တက်ရောက်လာကြသည့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး တောင်သူများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် လှိုင်ကော်တက္ကသိုလ် ဘက်စုံခန်းမ၌ လှိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (လှိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ လှိုင်ကော်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းကြည်၊ နည်းပညာတက္ကသိုလ် (လှိုင်ကော်)ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဇော်ဝင်းအောင်နှင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာငြိမ်ငြိမ်မြတ်တို့က သက်ဆိုင်ရာတက္ကသိုလ်များအလိုက် တက္ကသိုလ်သမိုင်းအကျဉ်း၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသားဦးရေ၊ သင်ကြားစီမံကိန်းရပ်များနှင့် တည်ဆောက်ရေး လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို နှစ်ခုခွဲထားပါကြောင်း၊ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးဖြစ်ပါကြောင်း၊ ယခုတက္ကသိုလ်နှင့် ကောလိပ်မှာ အဆင့်မြင့်ပညာရေးဖြစ်ပြီး သူ့အဆင့်အလိုက် Bachelor Master, Doctorate ပေးသွားကြပါကြောင်း။

Bachelor ကို ယခင်က ပုံမှန်အားဖြင့် လေးနှစ်သင်ယူရသည်မှ သုံးနှစ်လျှော့ချခဲ့ခြင်းဖြစ်ပြီး ယခုတစ်ဖန် လေးနှစ် ပြန်စနေပြီဖြစ်ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ဘွဲ့ရသူများ ထိုက်ထိုက်တန်တန် အရည်အချင်းရှိအောင်ပင် ဖြစ်ပါကြောင်း။

တက္ကသိုလ်ဆိုသည်မှာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာဌာနကြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်၌ တာဝန်ယူသင်ကြားပေးနေသည့် ဆရာ ဆရာမများကလည်း လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရာ အရည်အသွေး ပြည့်ဝသောဘွဲ့ရများဖြစ်အောင် သင်ကြားပြသကြရမည် ဖြစ်ပါကြောင်း။

ဆရာ၊ ဆရာမများ မွေးထုတ်ပေးလိုက်သည့် ဘွဲ့ရလူငယ်များသည် နောင်တစ်ခေတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်သွားကြမည့်သူ၊ နိုင်ငံ၏တာဝန်ကိုအရည်အချင်းရှိရှိဖြင့် ထမ်းဆောင်နိုင်ပါမှ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း။

ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံသည် လာမည့် ၂၀၁၅ ခုနှစ် ASEAN community ဆိုလျှင် Free flow of skilled workers, Investment, Information စသည့် ရင်ဆိုင်မှုများဖြင့် ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ တခြားအာဆီယံနိုင်ငံကို မိမိက သွားရောက် အလုပ်လုပ်နိုင်သကဲ့သို့ တခြားအာဆီယံနိုင်ငံလည်း ဤနိုင်ငံထဲ လာရောက် လုပ်ပိုင်ခွင့်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းအချိန်ဆိုလျှင် အရည်အသွေးပြည့်ဝမှုဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် ဘွဲ့ရပညာတတ်များ၏ အရည်အသွေး ယှဉ်ပြိုင်မှုသည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ရော ကမ္ဘာ့နိုင်ငံများနှင့်ပါ ယှဉ်ပြိုင်သွားနိုင်ပါမှ မိမိအတွက်ရော တိုင်းပြည်အတွက်ပါ အလားအလာကောင်းမွန်မည်ဖြစ်ကြောင်း။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံး တက္ကသိုလ်ကောလိပ် သိပ္ပံကျွမ်းကျင်မှု အတတ်သင်ကျောင်းမှ မွေးထုတ်ပေးခဲ့သူ စုစုပေါင်း ၁၆၃၅၄၁ ဦး ဖြစ်ပါကြောင်း၊ ယင်းနှစ်မှာပင် အသစ်အဟောင်း မှတ်ပုံတင်သူ ၇၇၃၁၁၇ ဦးထဲက ပြည်တွင်းရော ပြည်ပအတွက်ပါ အလုပ်အကိုင် ရှာဖွေပေးနိုင်သည်မှာ ၂၈၅၆၆ ဦး ဖြစ်လာပြီး အလုပ်အကိုင်ရရှိသူ ၃၇ ရာခိုင်နှုန်းရှိလာခဲ့သော်လည်း ကျန်သည့် ၆၃ ရာခိုင်နှုန်းမှာ မရနိုင်သေးသည်ကို တွေ့ရကြောင်း၊ ကျောင်းတွင်း၊ ကျောင်းပြင် အရည် အသွေးပြည့်စုံသည့် ဘွဲ့ရများက အလုပ်အကိုင် အခွင့်အလမ်း ပိုရှိမည်ဖြစ်ပါကြောင်း။

ယင်းပြင်မကသေးပါကြောင်း၊ စီးပွားရေးဘက်၌လည်း ဘွဲ့ရပြီး ပုံမှန်စီးပွားရေး အမျိုးမျိုးထဲမှ ဖွံ့ဖြိုးမှုအများဆုံး အကောင်းဆုံး စီးပွားရေးလုပ်ငန်းမှာ ဦးနှောက်အသုံးပြုသည့် စီးပွားရေးလုပ်ငန်းပင်

ဖြစ်ပါကြောင်
Industry အ
သည် အနေး
ရှေ့တန်းရောက်
မည်ဖြစ်ပါကြေ
စင်ကာပူ၊ မ
ဂျပန် စသည့်နို
ဖြစ်ပါကြောင်း၊
ရှားသော်လည်
ကြောင်း။

နိုင်ငံတော်
ပညာရေးကို
ပြိုင်နိုင်အောင်
ပြုလုပ်သည့်
တက္ကသိုလ်နှင့်
ခြင်းရှိပါကြော

-ရန်ကုန်တ
John Hopski
-ရန်ကုန်တ
Nagoya တက္က
-မန္တလေးတ
many ကိုလုံး
-ဒဂုံတက္ကသို
ကတ္တားတက္ကသို

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ... ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား ...

ထို့ပြင် ပ
လည်း နှစ်ဆ၊
ပေးလျက်ရှိကြေ
ပညာရေးက
ကဲ့သို့ တိုးမြင့်
သော်လည်း
အနေဖြင့်
များစွာ လိုနေ
ထင်နိုင်ကြောင်
စီးပွားရေးအ
ပေါ် မူတည်ပ
တိုးတက်လာသ
ကဏ္ဍ အသုံးစ
တိုးမြှင့်သွားမ
အရည်အသွေ
လူငယ်များသ
လည်းကောင်း
လည်းကောင်း
နိုင်ငံရေး၌ ပ
မကြာသောက
သည် အစစ
တကာနှင့် ရ
နိုင်ငံတစ်နိုင်ငံ
ထို့ကြောင့်
ဆရာမများ ယ
နေပြီး ပညာ
ဆောင်ရွက်နေ
အနေဖြင့်ဂုဏ်

ချုပ်တို့သည်
ာင်သူများအား
နှင့် ခတ်မြေ
အပ်ကြသည်။
စိုက်ပျိုးကွင်း
ပြီး စိုက်ပျိုးနိုင်
၅၀ ရှိကြောင်း

ယသမ္မတသည်
တက်ရောက်
ာင်သူများအား
က်၍ အားပေး
တောင်သူများ၏
ာဝန်ရှိသူများ
ဖြည့်ဆည်းပေး

ဒုတိယသမ္မတ
ဉ် လှိုင်ကော်
ရောက်ရှိကြရာ
ျပ် ဆရာ
ကျောင်းသား
ဦဆိုကြသည်။
ယသမ္မတသည်
ဘက်စုံခန်းမ၌
၊ နည်းပညာ
ာ်)နှင့် ကွန်ပျူ
င်ကော်)တို့မှ
တွေ့ဆုံအမှာ
၍။
ကာ်တက္ကသိုလ်
ုပ် ဒေါက်တာ
နည်းပညာ
ကော်)ခေတ္တ
ဒေါက်တာဇော်
န်ပျူတာတက္က
တ္တကျောင်းအုပ်
ငြိမ့်မြတ်တို့က
လ်များအလိုက်
ချည်း၊ သင်ကြား
ထူးပြုဘာသာ
မနှင့် ကျောင်း
ဉ်ားစီမံကိန်းစ္စရပ်
ာ်ရေး လုပ်ငန်း
င်းလင်းတင်ပြ

ဒိယသမ္မတက
ရာတွင် မြန်မာ
ဏ္ဍကို နှစ်ခု
ခြေခံပညာရေး
ညာရေးဖြစ်ပါ
ိုလ်နှင့် ကော
ညာရေးဖြစ်ပြီး
Bachelor
ပေးသွားကြပါ

ခင်က ပုံမှန်
င်ယူရသည်မှ
းဖြစ်ပြီး ယခု
နှစ်နေပြီဖြစ်ပါ
ည့်ရှုယ်ချက်မှာ
ိုက်တန်တန်
ာင်ပင် ဖြစ်ပါ

ည်မှာ လူ့စွမ်း
မွေးထုတ်ပေး
ကြောင်း၊ တက္က
သင်ကြားပေး
မများကလည်း
မြစ်မွေးထုတ်
ပြည့်ဝသော
သင်ကြား
ကြောင်း။
ား မွေးထုတ်

ပေးလိုက်သည့် ဘွဲ့ရလူငယ်များသည် နောင်တစ်ခေတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်သွားကြမည့်သူ၊ နိုင်ငံ၏တာဝန်ကိုအရည်အချင်းရှိရှိဖြင့် ထမ်းဆောင်နိုင်ပါမှ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း။

ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံသည် လာမည့် ၂၀၁၅ ခုနှစ် ASEAN community ဆိုလျှင် Free flow of skilled workers, Investment, Information စသည့် ရင်ဆိုင်မှုများဖြင့် ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ တခြားအာဆီယံနိုင်ငံကို မိမိကသွားရောက် အလုပ်လုပ်နိုင်သကဲ့သို့ တခြားအာဆီယံနိုင်ငံလည်း ဤနိုင်ငံထဲ လာရောက် လုပ်ပိုင်ခွင့်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းအချိန်ဆိုလျှင် အရည်အသွေးပြည့်ဝမှုဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် ဘွဲ့ရပညာတတ်များ၏ အရည်အသွေး ယှဉ်ပြိုင်မှုသည် မြန်မာနိုင်ငံအနေဖြင့် ဖြစ်ပါကြောင်း၊ Electronic Industry အမှီပြုနိုင်သော နိုင်ငံသည် အနေးနှင့်အမြန် စီးပွားရေးရှေ့တန်းရောက်ရှိလာခြင်းကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဥပမာ- စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဂျပန် စသည့်နိုင်ငံများကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတရှားသော်လည်း နိုင်ငံတိုးတက်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ပညာရေးကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်အောင် ပြုပြင်မှုအမျိုးမျိုး ပြုလုပ်သည့်အထဲ၌ နိုင်ငံတကာတက္ကသိုလ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းရှိပါကြောင်း၊ ၎င်းတို့မှာ-

-ရန်ကုန်တက္ကသိုလ်နှင့် US. John Hopskins တက္ကသိုလ်၊

-ရန်ကုန်တက္ကသိုလ်နှင့် JPN. Nagoya တက္ကသိုလ်၊

-မန္တလေးတက္ကသိုလ်နှင့် Germany ကိုလုံးတက္ကသိုလ်၊

-ဒဂုံတက္ကသိုလ်နှင့် အိန္ဒိယ ကိုးလ်ကတ္တားတက္ကသိုလ်တို့ဖြစ်ပါကြောင်း။

ဆရာမများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ဆရာ ဆရာမများဘက်ကလည်း မိမိတို့၏အရည်အသွေး ထက်မြက်နေအောင် ကြိုးစားကြရန်နှင့် အနာဂတ်လူငယ်ဘွဲ့ရများကိုလည်း အဖြစ်နိုင်ဆုံးကြိုးစားသင်ကြားပေးကြပါဟု တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်တက္ကသိုလ်အတွင်း ဆောက်လုပ်ဆဲနှစ်ထပ်စာသင်ဆောင် အဆောက်အအုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံ ခုတင် (၂၀၀) သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံ ခုတင်(၂၀၀)၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံနှင့်ရော ကမ္ဘာ့နိုင်ငံများနှင့်ပါ ယှဉ်ပြိုင်သွားနိုင်ပါမှ မိမိအတွက်ရော တိုင်းပြည်အတွက်ပါ အလားအလာကောင်းမွန်မည်ဖြစ်ကြောင်း။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံး တက္ကသိုလ်ကောလိပ်သိပ္ပံ ကျွမ်းကျင်မှု အတတ်သင်ကျောင်းမှ မွေးထုတ်ပေးခဲ့သူ စုစုပေါင်း ၁၆၃၅၄၁ ဦး ဖြစ်ပါကြောင်း၊ ယင်းနှစ်မှာပင် အသစ်အဟောင်း မှတ်ပုံတင်သူ ၇၇၃၁၁၇ ဦးထဲက ပြည်တွင်းရော ပြည်ပအတွက်ပါ အလုပ်အကိုင် ရှာဖွေပေးနိုင်သည်မှာ ၂၈၆၅၆၆ ဦး ဖြစ်လာပြီး အလုပ်အကိုင်ရရှိသူ ၃၇ ရာခိုင်နှုန်းရှိလာခဲ့သော်လည်း ကျန်သည့် ၆၃ ရာခိုင်နှုန်းမှာ မရနိုင်သေးသည်ကို တွေ့ရကြောင်း၊ ကျောင်းတွင်း၊ ကျောင်းပြင် အရည် အသွေးပြည့်စုံသည့် ဘွဲ့ရများက အလုပ်အကိုင် အခွင့်အလမ်းပိုရှိမည်ဖြစ်ပါကြောင်း။

ယင်းပြင်မကသေးပါကြောင်း၊ စီးပွားရေးဘက်၌လည်း ဘွဲ့ရပြီး ပုံမှန်စီးပွားရေး အမျိုးမျိုးထဲမှ ဖွံ့ဖြိုးမှုအများဆုံး အကောင်းဆုံး စီးပွားရေးလုပ်ငန်းမှာ ဦးနှောက်အသုံးပြုသည့် စီးပွားရေးလုပ်ငန်းပင်

ထို့ပြင် ပညာရေးအသုံးစရိတ်လည်း နှစ်ဆ၊ သုံးဆတိုးမြှင့်ချထားပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍအတွက် ယခုကဲ့သို့ တိုးမြှင့်ဆောင်ရွက်ပေးနေသော်လည်း ဆရာ ဆရာမများအနေဖြင့် အခြေခံလိုအပ်ချက်များစွာ လိုနေသေးသည်ဟု ထင်ချင်ထင်နိုင်ကြောင်း၊ ဒါလည်းပဲ နိုင်ငံ၏စီးပွားရေးအခြေအနေ တိုးတက်မှပေါ် မူတည်ပါကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ပညာရေးကဏ္ဍ အသုံးစရိတ်အတွက် ထပ်မံတိုးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် ဘွဲ့ရလူငယ်များသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နိုင်ငံ၏စီးပွားရေး၊ နိုင်ငံရေး၌ ပါဝင်လာမည်ဆိုလျှင် မကြာသောကာလတွင် မြန်မာနိုင်ငံသည် အစစအရာရာတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်ပါကြောင်း။

ထို့ကြောင့် တက္ကသိုလ် ဆရာ ဆရာမများ ယခုကဲ့သို့ ဤဒေသ၌ နေပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်နေကြသည်ကို နိုင်ငံတော်အနေဖြင့်ဂုဏ်ယူပါကြောင်း၊ ဆရာ

ဒေါ်အေးအေးသက်နှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း အမျိုးသား အမျိုးသမီး လူနာဆောင်၊ အရေးကြီးလူနာခန်းနှင့် သားဖွားမီးယပ်ဆောင်တို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသောလူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဆေးရုံအစည်းအဝေးခန်းမ၌ အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက်မှ ဦးလှမျိုး၊ Adventure Myanmar Co.,Ltd. မှ ဦးအောင်မျိုးမင်းဒင်နှင့် ရွှေလက်ာဆောက်လုပ်ရေးမှ ဦးအောင်ကျော်ဝင်းတို့က စုပေါင်း၍ ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဧရာမြတ်ပြေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်း တင်ပြသည်။

ပြည်နယ် ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင်သည် သံကူ

ကွန်ကရစ် အမျိုးအစား အလျား ၂၉၈ ပေ၊ အနံ ၆၄ ပေရှိပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်း တစ်ခုလုံး၏ ၂၅ ဒသမ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်ရှိ ရွှေတောင်ပရိယတ္တိ စာသင်တိုက်သို့ ရောက်ရှိကြပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့သည် ရွှေတောင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှိုင်ကော်မြို့ပေါ်ရှိ စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနကလှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဒုတိယသမ္မတက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဆွမ်းဆန်တော်များကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ရွှေတောင်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် လှိုင်ကော်မြို့ပေါ်ရှိ စာသင်တိုက် ၁၇ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့အတွက် စုစုပေါင်း ဆွမ်းဆန်တော်အိတ် ၁၅၀ ကို လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ ရှေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာတောင်တော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့က စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာတောင်တော် ရင်ပြင်တော်၌ လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ မြို့နာမ်စေတီတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့က စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဓမ္မလက်ဆောင်ပြန်လည် ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မြို့နာမ်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်ပေါ်လာစေရေး။



Mr. David

❖ ရွှေဖုံးမှ

ကွင်းဆင်းလေ့လာမှုအခြေအနေကို မတ်လပထမပတ်တွင် တိကျသည့် အဖြေတစ်ခုကို သတင်းထုတ်ပြန်ပေးမည်ဖြစ်သည်။ မိမိတို့တူးဖော်ရေးလုပ်ငန်းတွင် အဓိကပါဝင်ဆောင်ရွက်မည့် နိုင်ငံခြားပညာရှင်နှစ်ဦး ယခုလကုန်တွင် လာရောက်ကြမည်ဖြစ်၍ တိကျသည့်အဖြေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်အစီအစဉ်များရှိကြောင်း Mr. David က ရှင်းလင်းပြောကြားသည်။

စပစ်ဖိုင်းယားစစ်တိုက်လေယာဉ်များ တူးဖော်အောင်မြင်မှု ရရှိချိန်တွင် မြန်မာနိုင်ငံ၌ ဦးစွာပျံသန်းပွဲတစ်ခုကို မြန်မာပြည်သူများ စိတ်ဝင်တစားကြည့်ရှုခွင့်ရအောင် ဆောင်ရွက်မှု အစီအစဉ်များရှိကြောင်းနှင့် ပျံသန်းနိုင်ရန် ပြန်လည်ပြုပြင်မှုများကို အချိန်ယူပြင်ဆင်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းမှုအရ သိရသည်။ **(စောသိန်းဝင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၈း၀၀	ပြည်တွင်းသတင်း
၇း၃၀	နံနက်ခင်းသတင်း		-"ပြည်သူတို့ရဲ့ စကားသံများ"
၇း၄၀	International News		-နိုင်ငံတကာသတင်းများ
၈း၂၀	"Road to 27th SEA Games"(ကရာတေးဒို)		-"Road to SEA Games" (Yachting-1) (သရုပ်ဆောင် - ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်)
၄း၁၅	၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)		-အလက်ာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း -၁၀)
၄း၅၀	ဆိုကြမယ်၊ ပျော်ကြမယ်		-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"
၆း၀၀	ညနေခင်းသတင်း		
၆း၁၅	မိုးလေဝသအခြေအနေ		(အပိုင်း - ၁၃၁)
၇း၀၀	ပြည်တွင်းသတင်း	၁၀း၀၀	ပြည်တွင်းသတင်း
၇း၁၅	"ကြယ်ပွင့်များရဲ့ ရင်ခုန်သံ"		-မြန်မာရုပ်ရှင် "ပန်းစကား"
၇း၃၀	"လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"		(ကျော်ဟိန်း၊ စောမြသန္တာ) (ဒါရိုက်တာ- ဝင်းဖေ)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က Practical Auditing ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် ဖေဖော်ဝါရီ ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း ၀၁-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ဝန်နှင့်အား . . . မျှဖို့လိုသည်

မတ်လအတွင်း ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ဖြေဆိုရန် အလွန်နီးကပ်နေချေပြီ။ တစ်ဘာသာချင်းတွက်သော် စာကျက်ရန် အချိန် သိပ်မကျန်တော့။ ဤစာမေးပွဲကြီးသည် လူငယ်တစ်ယောက်၏ ဘဝကို အဆုံးအဖြတ်ပေးမည့် အရည်အချင်းစစ် ဂိတ်ပေါက်တစ်ခုပင်ဖြစ်သည်။ ထိုဂိတ်မှလွန်မြောက်သော် တက္ကသိုလ်အသီးသီးသို့ တက်ရောက်ရပေမည်။ စာမေးပွဲ၌ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သော ကျောင်းသား တစ်ယောက်ဖြစ်ရပါမူ အနာဂတ်သည်လည်း သာယာဖြောင့်ဖြူးချေတော့မည်။

စာမေးပွဲဖြေဆိုရမည့် ကျောင်းသားတစ်ယောက်၌ မိမိကိုယ်ကို ယုံကြည်မှုရှိရပေမည်။ အချို့သော ကျောင်းသားများမှာ မိသားစုနှင့် ဆရာ သမားတို့၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ကြီးစွာသော ဖိအားများနှင့် ရင်ဆိုင်ကြရပေသည်။ အသိုင်းအဝိုင်း၏ ဖိအားပေးတိုက်တွန်းမှုကြောင့် ယုံကြည်ချက်ပျောက်ဆုံးကာ စိတ်ထွေပြားလျက် ရသင့်ရထိုက်သောအမှတ်များ ဆုံးရှုံးရပေသည်။ ပညာရေးနယ်ပယ်၌ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော စာရေးသူသည် စာမေးပွဲခန်းအတွင်း၌ မူးမေ့လဲကျသူများ၊ ကျက်ထားသော စာများကိုသတိမရတော့သောသူများကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိပါသည်။ စာမေးပွဲနှင့်ပတ်သက်၍ ကျောင်းသားမိဘများကို အကြံပြုလိုသည်မှာ

- စာမေးပွဲမဖြေခင် ခုနစ်ရက်ခန့်အလို၌ စာကျက်ခြင်းများကို ရပ်နားပြီး ကျက်ပြီးသားစာများကိုသာ သေချာပိုင်နိုင်အောင် စာနွှေးသင့်ပါသည်။
- ညဥ့်နက်အောင် စာကျက်ခြင်းများကို ရှောင်ရှားပြီး စိတ်နှင့် ခန္ဓာကိုယ်ကို ကောင်းစွာအနားပေးရပါမည်။
- စာမေးပွဲနီးစဉ်အခါတိုင်း ဖြစ်ပေါ်လာလေ့ရှိသည့် 'စပေါ့' များကို အသည်းအသန်မလိုက်သင့်ပါ။ မိမိကျက်မှတ်ထားသော စာများကိုသာ ပိုင်ပိုင်နိုင်နိုင်ရနေအောင် လေ့ကျင့်ထားရပါမည်။
- ဘာသာရပ်တစ်ခုခုကို စိတ်တိုင်းကျဖြေဆိုနိုင်မှု မရှိသောကြောင့် နောက်ရက်၌ ဖြေဆိုရမည့် ဘာသာရပ်များကို မဖြေတော့ခြင်း၊ ခြစ်ချခြင်းများမလုပ်သင့်ပါ။ တစ်နှစ်ဆိုသော အချိန်အခါသည် အလွန်အရေးပါသည်ကို သတိပြုသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စာမေးပွဲဖြေဆိုကြရမည့် ကျောင်းသားသည် ကျန်းကျန်းမာမာဖြင့် စာမေးပွဲခန်းအတွင်း ရောက်ရှိနိုင်အောင် ပြင်ဆင်ထားရမည်။ စာမေးပွဲခန်းအတွင်း လိုအပ်သော ဖြေဆိုခွင့်ကတ်ပြား၊ ပေတံ၊ ခဲတံ၊ ဘောလ်ပင်တို့အား အိမ်မှမထွက်ခင် သေသေချာချာစစ်ဆေး ယူပြီးမှ အဆာပြေအစားအသောက် တစ်ခုခုစားသောက်ပြီးမှ သွားသင့်ကြောင်း အကြံပြုအပ်ပေသည်။ **(မောင်ကြယ်စင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လမ်း/တံတားလုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျိုင်းလပ်-တာလေ- ကျိုင်းတုံ လမ်းအပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ တာချီလိတ်- ကျိုင်းတုံလမ်းအပိုင်း မိုင်တိုင်အမှတ် (၂၁/၀)အနီး လွယ်မွေလမ်း၌ အရှည်ပေ ၅၀ ရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် ကျိုင်းတုံတက္ကသိုလ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-မိုင်းမ-မိုင်းလား လမ်းအပိုင်းအား ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၇/၄)နှင့် (၇/၅)ကြားတွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၃၁/၀)ရှိ တာပင်းတံတားကြံ့ခိုင်မှု၊ ကျိုင်းတုံ-လွယ်မွေလမ်းအပိုင်းတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၁၃/၀)နှင့် (၁၃/၁) ကြားတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုင်းတုံမြို့သို့ ရောက်ရှိပြီး တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ ဆောင်၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲများမှ

ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိနယ်မြေအတွင်းရှိ လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်းကောင်းများ ဖြစ်စေရေးအတွက် ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ စနစ်တကျနေထိုင်ရန်၊ လုပ်ငန်းအလိုက် ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးစွဲရန်နှင့် ဝန်ထမ်းအချင်းချင်း ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်းက မိမိတို့ဆောင်ရွက်သည့် လမ်း/တံတားများ ကောင်းမွန်ရန်အတွက် အစဉ်တစိုက် ဂရုပြုဆောင်ရွက်ကြရန်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက လမ်း/တံတား လုပ်ငန်းများတွင် အသုံးပြုသည့် ကတ္တရာများ အလေအလွင့်မရှိအောင် အထူးအလေးထားဆောင်ရွက်ရန်၊ စက်ယန္တရားများကိုလည်း လုပ်ငန်းလိုအပ်သည့် နေရာများတွင် စနစ်တကျအသုံးပြုရန်တို့ကို မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်ကျည်းမှည့်များ စတင်ဝယ်ယူလျက်ရှိ

ရေတာရှည် ဖေဖော်ဝါရီ ၁၉

အပူချိန်မြင့်တက်လာသည့် ဖေဖော်ဝါရီ ဒုတိယပတ်တွင် မန်ကျည်းပင်များ ရွက်ခြောက်ခါ၍ မန်ကျည်းသီးမှည့်များကို စတင်ခူးယူရရှိပြီဖြစ်သည်။ ခူးယူရရှိသော မန်ကျည်းသီးမှည့်များကို လူအင်အားဖြင့် ထုခွဲအစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၅၅၀ ဖြင့် ဝယ်ယူသည်ဟု ဆွာမြို့အရှေ့စစ်တောင်းမြစ် တစ်ဖက်ကမ်းတောင်ပေါ်ဒေသရှိ ကျွန်းကုန်းကျေးရွာ ဒေသခံတစ်ဦးကပြောသည်။ ဝယ်ယူပြီးသည့် မန်ကျည်းမှည့်များအား နေပြည်တော် ပျဉ်းမနားမြို့ရှိ ပွဲရုံများမှ တိုက်ရိုက်လာရောက်၍ ဝယ်ယူသည်ဟု အထက်ပါဒေသခံကပင် ဆက်၍ပြောသည်။ ကျေးလက်ဒေသနေရာအနှံ့အပြားတွင် မန်ကျည်းပင်များမှာ အလေ့ကျပေါက်လေ့ရှိကာ ဒေသခံတို့အတွက် အပိုဝင်ငွေရရှိပြီး နှစ်စဉ်တစ်ရာသီလျှင် ပိဿာချိန် ၆၀၀၀ ကျော်ရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)** **(၅၇၈)**

ရမည်းသင်း လက်ဆည်ကန်ရပ်ကွက်၌ မီးလောင်

ရမည်းသင်း ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လက်ဆည်ကန်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် လက်ဆည်ကန်ရပ်ကွက်နေ မသန္တာထွေး၏ နေအိမ်မှစတင်လောင်ကျွမ်းခဲ့သည်ဟု သိရပြီး သတင်းရရှိသည်နှင့် ရမည်းသင်းမြို့နယ် မီးသတ်တပ်ဖွဲ့က အချိန်မီ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် လူနေအိမ်မြေစိုက်နှစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ငါးဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ အဆိုပါ မီးလောင်မှုအား ရမည်းသင်းမြို့နယ် မြို့မရဲစခန်းမှ (ပ) ၃၄/၂၀၁၃ ပုဒ်မ၊ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(၆၅၄)

မှော်ဘီ အောင်ချိမ့်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာအုပ်စု အောင်ချိမ့်ကျေးရွာတွင် နေအိမ်မိန်းခလုတ်မှ ဝါယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းရာ အိမ်နီးချင်းနေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီခန့်တွင် မှော်ဘီမြို့နယ် လှည်းငုတ်ချောင်း ကျေးရွာအုပ်စု အောင်ချိမ့်ကျေးရွာရှိ ဦးရွှေထူး၏ နေအိမ်အနောက်ဘက်ခန်း၌ မီးအသုံးပြုသည့် မိန်းခလုတ်မှ ဝါယာရှော့ခ်ဖြစ်ပြီး နေအိမ်အနောက်ခန်းအား မီးစတင်လောင်ကျွမ်းခဲ့ကာ ယင်းအိမ်ခေါင်းရင်းရှိ ဒေါ်ကြည်ဝင်း အသက် (၅၂)နှစ်၏ နေအိမ်သို့ ထပ်မံ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခံခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်သည့်နေရာသို့ မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးဇော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများက မီးသတ်ယာဉ်တစ်စီးနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

ဇော်ကြီး (ပဏီတ)

ပြည်တွင်းရေးရာ

တောင်ကြီးမြို့၌ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

တောင်ကြီး ဖေဖော်ဝါရီ ၁၉

တောင်ကြီးမြို့ စိန်ပန်းရပ် အနောက်မြို့ပတ်လမ်းရှိ ယခင် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းကို အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းရှေ့မုခ်ဦး၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးလိုက်ပြီး **(အပေါ်ပုံ)** ကျောင်းဆိုင်းဘုတ်သစ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းအတွင်းရှိ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

နံနက် ၈ နာရီခွဲတွင် ကျောင်းခန်းမဆောင်၌ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ခံရခြင်းနှင့်ပတ်သက်၍ ကျောင်းသားမိဘများအား ရှင်းလင်းပွဲနှင့် မိဘပြည်သူများက ကျောင်းအတွက် ကွန်ပျူတာများ၊ အလှူငွေများလှူဒါန်းပွဲဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပညာရေးရည်မှန်းချက်ကို ရှင်းလင်းဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးပေါ်လာက ကျောင်းသမိုင်းနှင့် လက်ရှိဆောင်ရွက်ချက်များကို ရှင်းပြသည်။

ဆက်လက်၍ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများက လှူဒါန်းကြသော ကွန်ပျူတာများနှင့် အလှူငွေများကို ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဝေ (တောင်ကြီး)

ကျေးလက်သုံးထင်းရှားပါးမှု ရေတာရှည်၌ ကြုံတွေ့

ရေတာရှည် ဖေဖော်ဝါရီ ၁၉

ရေတာရှည်မြို့နယ်သည် ယခင်က ကျေးလက်သုံး ထင်း/ဝါးများအလွယ်တကူ ရရှိနိုင်သော်လည်း ယခုအခါ သစ်တောများပြုန်းတီးခြင်းကြောင့်လည်းကောင်း၊ ကွက်လပ်ဖြည့်သစ်တောစိုက်ခင်းများအဖြစ် ပြန်လည်စိုက်ပျိုးလျက်ရှိ၍ အိမ်သုံးထင်းရှားပါးမှုနှင့် ကြုံတွေ့နေရပြီဖြစ်သည်။

ယခုကာလသည် စိုက်ခင်းပျိုးခင်းများပြီးစီး၍ မိုးရာသီကာလအတွက် ထင်းစုဆောင်းချိန်ဖြစ်ပြီး ထင်းတစ်ခေါက်ရရန်အတွက် တစ်ညအိပ်ခရီးအထိသွားရောက်ကြရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ ကျေးလက်ဒေသများတွင် နေ့စဉ်မိသားစု အစားအသောက်အတွက် ချက်ပြုတ်ရာတွင် လောင်စာထင်းမှာ မရှိမဖြစ်လိုအပ်ပြီး ထင်းလိုအပ်သည့်အခါ ရွာနီးချုပ်စပ်တောချုံများအတွင်းမှ ရှာဖွေခုတ်ယူကြရသည်။**(အောက်ယာပုံ)**

“ကျွန်မတို့ဘက်မှာတော့ မိုးရာသီကပြောင်းခင်းတွေ ရေနစ်လို့အပင်ခြောက်တောင်မကျန်ဘူး၊ ခါတိုင်းဆိုပြောင်းဖူးရိုး၊ ပြောင်းဖူးအူတိုင် ဒါတွေအခြောက်ခံသိမ်းထားလို့ရှိရင် ထင်းအဖြစ်ပြန်သုံးလို့ရတယ်။ အခုတော့ အင်ဒိုင်းကုန်းတောတွေထဲမှာ ခားခုတ်အပင်လောက်ပဲရနိုင်တော့တယ်” ဟု မြို့လှမြို့အရှေ့ ဇီးဖြူတန်းကျေးရွာနေ အိမ်ရှင်မတစ်ဦးက ပြောသည်။

ကိုလွင် (ဆွာ)

ကြေးမုံသို့ပေးစာ

ကျွန်တော်ဟာ ကြေးမုံသတင်းစာကို နေ့စဉ်ဖတ်ဖြစ်ပါတယ်။ ၂၀၁၂ နိုဝင်ဘာ ၃၀ ရက်နေ့ထုတ် ဒေါက်တာမိုလာရဲ့ နောက်တစ်ကြိမ်သေမယ်ဆိုတာ ကြိုသိသောအခါ ဆောင်းပါးကို ဖတ်လိုက်ရလို့ ကျွန်တော့်အတွက် အလွန်ကျေးဇူးများပြီး တန်ဖိုးကြီးလှတဲ့အတွက် နှစ်သက်သဘောကျတဲ့အကြောင်း စာရေးသားပေးပို့လိုက်ပါတယ်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ ဆိုတဲ့အတိုင်း တရားမင်တရားခင်သူတွေ သတင်းစာထဲမှာ ပေါင်းစပ်နေကြတာတွေ့မြင်ရတော့ ကျွန်တော့်ရင်ထဲ အတော်ပီတိဖြစ်ရပါတယ်။ နေ့တိုင်းသတိထားဖတ်မိတော့ ဘဝနေနည်း၊ ဘဝအဓိပ္ပာယ်၊ လူ့တန်ဖိုး၊ ဘာသာတန်ဖိုးအကျိုးများအကြောင်းကို သိမြင်စေပါတယ်။ အချို့လူများမှာ ပညာရှိသတိဖြစ်ခဲဆိုသည့်အတိုင်း သိသလိုနဲ့ အမှတ်မဲ့နေတတ်ကြပါတယ်။ ဘဝမှာ အကောင်းဆုံးကို ခံစားချင်တယ်၊ အကောင်းဆုံးကို ရှာဖွေတယ်၊ အကောင်းဆုံးပဲနေချင်တယ်၊ ဒါပေမယ့် အကောင်းဆုံး အသက်ရှင်နေထိုင်နည်း၊ အကောင်းဆုံးသေနည်းတွေကို သတိမပြုမိပါဘူး။ အနတ္တ သဘော၊ အနိစ္စသဘောတွေ ဖြစ်လာမှ၊ ကိုယ်တိုင် ကြုံလာတော့မှ လူ့တန်ဖိုးကို အသိတရားအားဖြင့် နားလည်သဘောပေါက်လာခဲ့ကြတာပါ။ အဲဒီခါမှ အကောင်းဆုံးတွေပေးဆပ်နိုင်ပြီး ဘဝဟာ အနှစ်သာရပြည့်ဝစွာနဲ့ အဓိပ္ပာယ်ရှိရှိ တန်ဖိုးရှိလာကြတာပါ။ အခုလို စာမဖတ်သူ စာဖတ်ရေး ဦးစားပေးချိန်မှာ စာဖတ်သူတွေ အပေါ် အမှန်တကယ် အကျိုးများစေမယ့် စာပေများ ဖတ်ရှုမှတ်သားခွင့်ရတဲ့အတွက် ယူတတ်ရင်ယူသလောက် တန်ဖိုးရှိပါတယ်။ ကျွန်တော်တို့အတွက်တော့ တစ်နေ့တစ်ခု ဒါနပြုဆိုသလို ဆောင်းပါး၊ ဝတ္ထု၊ အတွေးအမြင်၊ ရှုထောင့်၊ အာဘော် စသဖြင့် နေ့စဉ် ပညာဒါနပေးဝေနေတဲ့ ကြေးမုံသတင်းစာနှင့်တကွ သက်ဆိုင်ရာအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း စာရေးသားပေးပို့လိုက်ရပါတယ်။ ။

(မျိုးကိုကို) ၁၂/အစန(နိုင်) -----

INVITATION FOR TENDER
The Government of the Republic of the Union of Myanmar
Ministry of Finance and Revenue
Committee on Finance
27th SEA GAMES ORGANIZING COMMITTEE
INVITATION FOR BIDS
ON SPONSORSHIP MANAGEMENT CONSULTANT

1. The Republic of the Union of Myanmar will hold 27th SEA GAMES in December from 11th to 22nd in major cities of Myanmar.It will be the very first of its kind during 44years and it will be the very first major international event after the democratization process started in the year 2011.
2. Since Myanmar has become the major topic due to its significant political change, natural resources, people, historic and scenic beauties this event will be the golden opportunity for the would-be investors to make acquaintance of and to make them known to this wonderful country which might be the last frontier of rich investment in South East Asia.
3. In view of the fore goings, bids are invited by the Committee on Finance for the selection of Sponsorship Management Consultant with the following terms and conditions:-
   (1) One organization is entitled to put one bid only
   (2) One bidder only will be selected as Sponsorship Management Consultant
   (3) The winning bidder has exclusive right to dispense the following rights to the sponsors:-
      (a) Television Right
      (b) Advertising Right
      (c) Publicity Right
   (4) The Sponsorships being dispensed by the Consultant shall in four levels as follows:-
      Platinum
      Gold
      Silver
      Pearl
      (Co-sponsorship)
      — Value(in USD)of each level and the right to be dispensed to each level sponsor shall be quoted by bidder
   (5) The selected Sponsorship Management Consultant shall work on commission basis and deposit of USD 100,000must be put up at the designated bank account after signing the Exclusivity Agreement.
   (6) No territorial Limit for marketing sponsorship.
   (7) Deposit shall be refunded within 7 banking days after the event.
4. Bids shall be only on the official Bidding form and to be delivered into the Tender Box located at the Ministry of Finance and Revenue, office No.26,Nay Pyi Taw no later than (16:00)hour on(6-3-2013).
5. Bids shall be opened at the Ministry of Finance and Revenue, Office No.26,Nay Pyi Taw at (10:00) am on (7-3-2013)
6. Announcement on the successful bidder will be made on 11-3-2013.
7. Official Bidding form and requirement shall be available at the Ministry of Finance and Revenue, Office No.26, Nay Pyi Taw and Tax Service Unit,No.59/61at the Corner of pansodan and Merchant Street, Yangon during the office hour from (21-2-2013)to (27-2-2013)in payment of Kyat 10,000(Kyat ten thousands).
8. Inquiry can be made at the following contact phone numbers-
   01-378370, 01-378372, 067-430071, 067-410181

Secretary
Committee on Finance

ဖြူးဆရာတော်တပည့် ဖြူးမဟာစည်ပဓာနနာယကဆရာတော်ဘဒ္ဒန္တအဂ္ဂဝရအထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis), INDIA သည်-

(၁) ၁၉-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်)(အင်္ဂါနေ့) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးစာပြန်ပွဲ၊ ဓမ္မသဘင်။
(၂) ၂၀-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်) (ဗုဒ္ဓဟူးနေ့) ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံတာကျေးရွာဓမ္မသဘင်။
(၃) ၂၁-၂-၂၀၁၃ (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) (ကြာသပတေးနေ့) နေပြည်တော်မြို့တော်၊ သာဝတ္ထိတရားစခန်းပွဲဓမ္မသဘင်။
(၄) ၂၃-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) (စနေနေ့) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မယ်ဇလီကျေးရွာ၊ဓမ္မသဘင်။
(၅) ၁၀-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်)(တနင်္ဂနွေနေ့) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ပင်စင်လမ်း၊ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှင်ပြုအလှူပွဲဓမ္မသဘင်။
(၆) ၁၁-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ရက်) (တနင်္လာနေ့) ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ အေးသာယာဓမ္မသဘင်။
(၇) ၁၃-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်) (ဗုဒ္ဓဟူးနေ့) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ထန်းတပင်၊ ဇီးကုန်းဓမ္မသဘင်။
(၈) ၁၇-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) (တနင်္ဂနွေနေ့) စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပင်စိမ်းကင်းကျေးရွာ ဓမ္မသဘင်။
(၉) ၂၅-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်) (တနင်္လာနေ့) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မင်းကျောင်းဓမ္မသဘင်။
(၁၀) ၂၆-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်)(အင်္ဂါနေ့) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အနောက်ကျေးရွာဓမ္မသဘင်။
(၁၁) ၁-၄-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ရက်) (တနင်္လာနေ့) ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ နှစ်တစ်ရာပြည့်ဓမ္မသဘင်။
(၁၂) ၂-၄-၂၀၁၃ရက် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်) (အင်္ဂါနေ့) မှတပေါင်းလကွယ် ဗုဒ္ဓဟူးနေ့ထိ။
မှ
၁၀-၄-၂၀၁၃ရက်ထိ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ (လုံးခင်း၊ ကာမိုင်း) တရားစခန်းပွဲ ဓမ္မသဘင်။

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်၏ တရားပွဲများကိုပင့်လျှောက်လို ပါက ဖုန်း-၀၉ ၅၁၉၀၄၁၇၊ (၀၁-၅၁၀၀၆၈၊ ၅၁၀၁၁၃) (၀၅၄- ၄၀၇၇၁၊ ၀၅၄-၄၀၀၁၂) သို့ ဆက်သွယ်နိုင်ပါသည်။

အမြန်ဆက်သွယ်ပါရန်

ဦးသန်းလွင်နှင့်ဦးသန်းထွေး အစ်ကိုကြီး ဦးကျော်မြ(ခ) ဦးသိန်းထွန်း(မြိတ်) အသည်းအသန်ဖြစ်နေ၍ ညီအစ်ကိုများ ပြန်လည်ဆုံတွေ့ရန် အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၉ ၄၂၂၁၉၄၃၇၂

သင့်သွေးဖြင့်အသက်ကယ်ပါ

ရွှေထိပ်တန်း
ချောင်းသာ
ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

H.A.L TRAVELS
ချောင်းသာ
ကျိုက်ထီးရိုး - ငွေဆောင်
09-420183444, 09-73040151

မျိုး 380164
09 5017088
09 8626524

01-501500, 09-73257853

Ph: 09 422459943, 09 422533445

ငွေဆောင်သကြန်
စရိတ်ငြိမ်း
110000/
Ph-0949270297,095024188

ရွှေကြယ်စင် ခရီးသွားလုပ်ငန်း
Ph:209077, 209388, 09-731 67000, 09-731 68000

ASIA KING 01-387973, 09-43114301
35000
65000
65000
65000
45000

အလင်းရောင်
09421061860,09421099405,09421129597
(20000/-)
(55000) Feb22/Mar1,8
(35000) Feb22/Mar1,8,15
(35000)
Mar 11,15,18,22,23,25

အနုပညာ

ကမ်းလှမ်းချက်နှစ်ခုအကြား ဗျာများနေရသည့် ဘရစ်တနီစပီးယား

ပေါ့ပ်အဆိုတော် ဘရစ်တနီစပီးယားက X Factor သီချင်းဆိုပြိုင်ပွဲ၏ ဒိုင်လူကြီးအဖြစ်မှ နုတ်ထွက်ခဲ့ပြီး လာ့စ်ဗီးဂတ်မြို့၌ အနုပညာလှုပ်ရှားမှုများ ပြန်လည်လုပ်ကိုင်ရန်အတွက် မကြာသေးမီက Caesars အင်န်တာတိန်းမန့်နှင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ပေါ့ပ်အဆိုတော် ဘရစ်တနီစပီးယား။

ယင်းဆွေးနွေးချက်များတွင် ဘရစ်တနီက နှစ်နှစ်စာချုပ်ဖြင့် Planet Hollywood ၌ ပြုလုပ်မည့် ရှိုးပွဲ ၃၅ ပွဲမှ ၄၅ ပွဲ အထိကို တိုက်ရိုက်ထုတ်လွှင့်မှုများတွင် ဝင်ရောက်ဖျော်ဖြေသွားရမည်ဖြစ်ကြောင်း လာ့စ်ဗီးဂတ်ဆန်း သတင်းစာက သတင်းဖော်ပြထားသည်။

သို့သော် ဘရစ်တနီအတွက် အခြားသောကမ်းလှမ်းချက်တစ်ခုအနေဖြင့် နိုက်ကလပ်တစ်ခုက ကြီးမှူးကျင်းပမည့်ရှိုးပွဲများ၏ အပတ်စဉ် ကျင်းပမည့်ဖျော်ဖြေပွဲများတွင် ပါဝင်ဖျော်ဖြေရမည့် ကမ်းလှမ်းချက်ကိုလည်း လက်ခံထားရှိရပြန်သည်။ အဆိုပါရှိုးပွဲများကိုလည်း ဟောလိဝုဒ်ရှိ PH Live ကပွဲခန်းမ၌ပင် ပြုလုပ်သွားမည်ဖြစ်သည်။

ဘရစ်တနီအနေဖြင့် ယင်းကမ်းလှမ်းချက် နှစ်ခုအနက် တစ်ခုကို ရွေးချယ်ရန်အတွက် သေချာစဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် One Direction အဖွဲ့သားများ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း One Direction အဖွဲ့၏ တေးသီချင်းဗီဒီယိုတွင် ဧည့်သရုပ်ဆောင်အဖြစ် ပါဝင်မည်

ဗြိတိန်နိုင်ငံ၏ ဂီတအကျော်အမော် One Direction အဖွဲ့၏ တေးသီချင်းဗီဒီယိုတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဧည့်သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ယင်းကဲ့သို့ လုပ်ဆောင်ရခြင်းမှာ One Direction အဖွဲ့၏ နှင့်အတူ ပရဟိတလုပ်ငန်းရန်ပုံငွေ ပိုမိုရှာဖွေနိုင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ တေးသီချင်းဗီဒီယိုတွင် ဧည့်သရုပ်ဆောင်အဖြစ် ပါဝင်ရခြင်းအပေါ်လည်း များစွာ ကျေနပ်နှစ်သက်မိကြောင်း မစ္စတာ ဒေးဗစ်ကင်မရွန်းက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ အဖွဲ့၏ တေးသီချင်းဗီဒီယိုတွင် ပူးပေါင်းပါဝင်တင်ဆက်နိုင်ရန်အတွက် တွစ်တာစာမျက်နှာမှ တစ်ဆင့် မစ္စတာ ဒေးဗစ်ကင်မရွန်းကပင် စတင်ကမ်းလှမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ မစ္စတာ ဒေးဗစ်ကင်မရွန်းသည် ယမန်နှစ်ကလည်း ၎င်း၏ ဇနီး၊ သမီးနှစ်ဦးနှင့်အတူ အားကစားရန်ပုံငွေမြှင့်တင်မှုများတွင် ပါဝင်ကူညီပေးခဲ့ဖူးကြောင်း သိရသည်။

တွမ်ခရုစ် အမှတ်တမဲ့ စားသောက်နေပုံများကို အမှတ်တရရုပ်ရှင်ပြန်ရိုက်မည်

၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ဟောလိဝုဒ်စတား တွမ်ခရုစ်က အင်္ဂလန်နိုင်ငံ Hertfordshire တောင်ပိုင်း St Albans မြို့ရှိ စားသောက်ဆိုင်တစ်ခုသို့ အခြားသောကုမ္ပဏီရှစ်ခုမှ တာဝန်ရှိသူများနှင့်အတူ အလည်အပတ်လာရောက်ခဲ့ပြီး ပုစွန်တုပ်ဟင်းနှင့် ကြက်သားမဆလာဟင်းများ မှာယူစားသောက်ပုံများကို ဇာတ်လမ်းတိုအဖြစ် ပြန်လည်ရိုက်ကူးပြီး မတ်လ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် St Albans ၏ဇာတ်လမ်းတို ရုပ်ရှင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Leoni Kibbey က "အဲဒီဇာတ်ကားဟာ တကယ့်ကို ထူးခြားတဲ့ဇာတ်ကားပါ၊ အဲဒီဇာတ်ကားထဲမှာ ပါဝင်တဲ့ သရုပ်ဆောင်တိုင်းဟာ တွမ်ခရုစ်ရဲ့မျက်နှာပုံစံတူ မျက်နှာဖုံးတွေကို စွပ်ထားမှာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ဟာသကားတစ်ကားလည်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မကြာမီက ထွက်ရှိခဲ့သည့် Mission Impossible ဇာတ်ကားဖြင့် အောင်မြင်မှုများရရှိခဲ့သူ သရုပ်ဆောင် တွမ်ခရုစ်က ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက All You Need Is Kill ဇာတ်ကားကို Hertfordshire ရှိ လီယာဗက်စ်တန် စတူဒီယို၌ လာရောက်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြိုးခန္ဓာမြင့် ခုစည်းရေးသားသည်

ရွှေထူးလွှမ်း ဘုရားဖူးပို့ဆောင်ရေး
ပေါက်တင်ရွှန်း (ပွင့်ဖြူ) ကာမြင်ကိုကိုဂြိုဟ် Mar-11/12/15/19/22/23/24/25
Ph : 09450044494, 09450044496, 377921

နန်းဦးလှိုင် (မန်းရွှေစက်တော်ဘုရားပွဲတော်)
056-21671
01-391577

ဆရာမိုးကျော်မြင့် (သင်္ချာ)
B.E (Mechanical)
ကောင်းပြတ်
၈ တန်း၊ ၉ တန်း၊ ၁၀ တန်း
Ph: 09-43176205

မိုးနဝင်းနှင့်ရောင်းရင်းများ
249871, 255553, 389611, 09-5137245

Asia Top 09 43164118, 09 8635520
35000
(HOTEL) 60000
50000
70000
Package 30000

ရွှေဥဒေါင်းမင်း 09421152677, 09421122687
55000

ချမ်းမိုးသစ္စာ
35000 14-2-13
60000
60000

No.8 Vol.5
POPULAR News Journal
Right decisions come from wide vision.

"ရိုးရာ…ဖိတ်ကြားလွှာ"
(၂၀-၂-၂၀၁၃)
နေရာ - အမှတ် (၂၆)၊ မြောင်းမြလမ်း၊ ကျွန်းတော(အလယ်) ရပ်ကွက် စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

သင်္ချာ ဦးအောင်သောင်း
၂တန်း မှ ၈တန်းအထိ သင်္ချာ တစ်ဘာသာတည်း သန့်သန့်
(၇၀) တ-ထပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်း။
ဖုန်း - 09 5192923 ၊ 01 246108

ပျောက်ဆုံးသွားပါကြောင်း
ကျွန်မ ဒေါ်လှရင် [၁၂/ ဗတထ(နိုင်) ၀၀၉၁၉၀]၏ တိုယိုတာမာဇဒါ (323) အပြာ၏ ကားအုံနာ စာအုပ်နှင့် စာရွက်စာတမ်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၃၉၈၈၇၃

ရန်ကုန်ရှေ့နေအသင်းမှ ကြီးမှူးကျင်းပမည့် (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ
ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိဂုဏ်တို့ဖြင့် ပြည့်စုံကြသော ရန်ကုန်သက်ကြီးရှေ့နေကြီးများကို ပူဇော်ကန်တော့ ကြမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ရှေ့နေအပေါင်းကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
အစီအစဉ်
အချိန် - နံနက် ၉နာရီမှ ၁၁နာရီအထိ
နေ့ရက် - ၂၃-၂-၂၀၁၃ရက်(စနေနေ့)
နေရာ - ရခိုင်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားအလယ်ပစ္စယာ၊ အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြား
ရန်ကုန်ရှေ့နေအသင်း

အားကစား

အိုးထရက်ဖို့ဒ်၌ ရီးဒင်းကိုအနိုင်ယူကာ မန်ယူ အက်ဖ်အေဖလားကွာတားတက်

ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရသော အက်ဖ်အေဖလားပွဲစဉ်တွင် ဧည့်သည်အဖြစ် လာရောက်ကစားရသော ရီးဒင်းအသင်းကို မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ အက်ဖ်အေဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းနှင့်ရီးဒင်းအသင်းတို့၏ အက်ဖ်အေဖလားပြိုင်ပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ဝဲလ်ဘက်၊ ဟာနန်ဒက်ဇ်၊ ကလီဗာလေ၊ အက်ရှ်လေယန်း၊ အန်ဒါဆန်၊ ဗလင်စီယာ၊ ဘတ်နာ၊ ဗီဒစ်၊ စမောလင်း၊ ဖီးဂျုံး စသည့် ကစားသမားများကို အဓိကထားပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းနှင့်ရီးဒင်းအသင်းတို့သည် အက်ဖ်အေဖလားပြိုင်ပွဲမှ မထွက်ရရေးနှင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေးရည်မှန်းချက်များဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းပွဲကစားချိန်ပြီးဆုံးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

သို့ရာတွင် မန်ယူအသင်းသည် ပွဲကစားချိန် ၄၂ မိနစ်တွင် နောက်ခံလူဖီးဂျုံး ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ရာမှ ၎င်းနေရာတွင် ပေါ်တူဂီတောင်ပံကစားသမား နာနီကို လူစားလဲကစားခဲ့ခြင်းနှင့် ပွဲကစားချိန် ၆၄ မိနစ်တွင် အက်ရှ်လေယန်းနေရာတွင် နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီကို ထည့်သွင်းကစားစေခဲ့ခြင်းတို့ကြောင့် မန်ယူအသင်း၏ ကစားကွက် ပထမပိုင်းကထက် ဂိုးရရှိနိုင်မည့်အခွင့်အရေး ပိုမိုလာခဲ့ရသည်။

ထို့နောက် ပွဲကစားချိန် ၆၉ မိနစ်တွင် ဗလင်စီယာ၏ ဖြတ်တင်ပေးပို့မှုမှတစ်ဆင့် တောင်ပံကစားသမား နာနီက ဂိုးအဖြစ်ပြောင်းလဲစေခဲ့ရာ မန်ယူအသင်း ဦးဆောင်အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ဆက်လက်ပြီး ပွဲကစားချိန် ၇၂ မိနစ်တွင် ဟာနန်ဒက်ဇ်က နောက်ထပ်ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲကစားချိန် မိနစ် ၈၀ အထိ အိမ်ရှင်မန်ယူအသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားခဲ့သော်လည်း ၈၁ မိနစ်တွင် မက်အန်နက်ဖ်က ချေပဂိုးသွင်းပေးခဲ့၍ ရီးဒင်းအသင်း ချေပဂိုးတစ်ဂိုးပြန်လည်ရရှိခဲ့သည်။

မန်ယူ တောင်ပံကစားသမား နာနီ ရီးဒင်းအသင်းဘက်ကို ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေစဉ်။

သို့ရာတွင် ဧည့်သည်ရီးဒင်းအသင်းသည် နောက်ထပ် ချေပဂိုးရရှိရေးကြိုးပမ်းခဲ့သော်လည်း ပြန်လည်ချေပနိုင်ခဲ့ခြင်းမရှိဘဲ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့၍ မန်ယူအသင်းက ရီးဒင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

မန်ယူအသင်းသည် ရီးဒင်းအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်တွင် မစ်ဒယ်ဘရော့အသင်း သို့မဟုတ် ချယ်လ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံရဖွယ်ရှိနေခဲ့သည်။

အင်္ဂလန်ဘောလုံးလောကမှာ အကောင်းဆုံးနည်းပြပါဆိုတဲ့ မန်စီနီ

မန်စီးတီးအသင်းနည်းပြ မန်စီနီကတော့ လက်ရှိအချိန်အထိ အင်္ဂလန်ဘောလုံးလောက၌ အကောင်းဆုံးနည်းပြတစ်ဦးဖြစ်ကြောင်းနှင့် အသင်း၏ ထုတ်ပယ်ခြင်းဟူသော ကြမ္မာဆိုးနဲ့လည်း ရင်ဆိုင်ရမှာ မဟုတ်ကြောင်း လူသိရှင်ကြားပြောကြားလိုက်ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ရာသီက ကံကောင်းထောက်မ၍ ပရီမီယာလိဂ်ဖလားကြီးကို ကိုင်မြှောက်ကာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့သော်လည်း ချန်ပီယံလိဂ်အတွေ့အကြုံဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းကို အဖြေရှာရင်းနှင့် အုပ်စုအဆင့်နှင့်ပင် စောစီးစွာ ဥရောပပြိုင်ပွဲကို လက်ပြနှုတ်ဆက်ခဲ့ရသည်။

သို့ရာတွင် မန်စီးတီးအသင်းသည် အက်ဖ်အေဖလားကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်း၊ လက်ရှိ ချန်ပီယံဘွဲ့ကို ဆက်ထိန်းရမည့် ပရီမီယာလိဂ်ဖလားပြိုင်ပွဲ ကျန်ရှိနေခြင်းများကြောင့် အင်္ဂလန်ဘောလုံးလောကမှာ လွန်ခဲ့တဲ့ ၁၅ လတာ ကာလ အတွင်း အကောင်းဆုံးနည်းပြတစ်ဦးအဖြစ် ရှိနေသေးကြောင်း မန်စီးတီးနည်းပြကြီး မန်စီနီက ပြောကြားလာသည်။

အီတလီနိုင်ငံသား နည်းပြကြီး ရောဘတ်တိုမန်စီနီသည် ၂၀၀၉ ဒီဇင်ဘာလတွင် အီတီဟတ်ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းက နည်းပြမာ့ဟူချ်နေရာတွင် အစားထိုးရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့နောက် မန်စီနီသည် မန်စီးတီးအသင်းကို ကိုင်တွယ်ခွင့်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလားတစ်ကြိမ်နှင့် ၄၄ နှစ်ကြာ ဝေးကွာခဲ့ရသော ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့သည်။

သို့ရာတွင် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်၌ မရဏအုပ်စုဟု ခေါ်ရလောက်သည့် ချန်ပီယံအတွေ့အကြုံရင့်ကျက်သည့် အသင်းကြီးများဆုံစည်းရာ အုပ်စု(D)တွင် ကျရောက်ခဲ့ရာ အုပ်စုတွင်းမှာပင် အုပ်စု၏အောက်ဆုံးသို့ ရောက်ကာ ချန်ပီယံလိဂ်မှထွက်ခဲ့ရပြီး ပရီမီယာလိဂ်တွင်လည်း တန်းတက်ဆောက်သမ်တန်အသင်းကိုပင် ရှုံးခဲ့ရသည့် ခြေစွမ်းမျိုးနှင့်အတူ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် ၁၂ မှတ်ကွာဟကာ ဇယား၏ဒုတိယနေရာ၌ ရောက်ရှိနေခြင်းကြောင့် မန်စီးတီးအသင်းတာဝန်ရှိသူများက လက်ရှိနည်းပြ မန်စီနီနေရာတွင် ဘာစီလိုနာနည်းပြဟောင်း ပက်ဂွါဒီယိုလာဖြင့် အစားထိုးလိမ့်မည်။ ထို့နောက် ဂွါဒီယိုလာဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်သွားစဉ်တွင် ဂွါဒီယိုလာမဟုတ်သည့် နောက်ထပ် နည်းပြတစ်ဦးနှင့် အစားထိုးလိမ့်မည်ဟု သုံးသပ်သူအချို့က ဆိုခဲ့ကြသော်လည်း အီတလီနိုင်ငံသား နည်းပြကြီး ရောဘတ်တိုမန်စီနီကတော့ ယခုထက်တိုင် အင်္ဂလန်ဘောလုံးလောကမှာ အကောင်းဆုံးနည်းပြပါဟု ပြောနေဆဲပင်ဖြစ်သည်။

နိုင်လင်းကြည်

သားသားဘုန်းဝင်းမြတ်အတွက် မွေးနေ့ဆုတောင်း

၂၀. ၂. ၂၀၁၃ တွင်ကျရောက်သော သားသား ဘုန်းဝင်းမြတ် ၏ (၁၀)နှစ်ပြည့်မွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာသက်ထက်ဆုံးဖြတ်သန်းနိုင်ပါစေ။

ဖေဖေ – ဦးဝင်းနိုင်
မေမေ – ဒေါ်မြမြဆွေ
ကမ္ဘာကျော် စက်သုံးဆီရောင်းဝယ်ရေး ပြည်မြို့

သတိုးမင်း
ချောင်းသာ/ငွေဆောင်
Ph:09 73143249
09 73252241

TOP STAR
ချောင်းသာ
09-43179331,448544658

Happy Birthday ကိုလတ်

ဇွန်မိုးစက်ကုမ္ပဏီ၊ ကိုလတ်(ခ)ကေအယ်လ်ထွန်းအရောင်းဆိုင်များနှင့် လတ်မင်းမိုးအထွေထွေရောင်းဝယ်ရေး၏ MDကိုလတ် ၂၀-၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော မွေးနေ့နှင့်မွေးရက် တစ်ထပ်တည်းဖြစ်သလို ဘဝနှင့်ဆန္ဒလည်း တစ်ထပ်တည်းဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဇနီး - ခင်သူဇာ
သမီး - ဇွန်မိုးစက်

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ အကွက်အမှတ်-၆/က[၁-ဘီ]၊ အကျယ်အဝန်း(၀.၁၄၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၂၀/က)၊ မစိုးရိမ်ကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်သောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ သက်ဆိုင်ပတ်သက်သူရှိသည်ဆိုပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၀၆၀၇

အာရုကမ္ဘာ 383524 378882
* ရွှေစင်တော်
* ချိုင်းထီးရိုး/ချောင်းသာ(ငွေဆောင်)
အားမျိုးစုံစီးလုံးစွာ
စိတ်တိုင်းကျစီစဉ်ပေးသည်

အလိုရှိသည်

TAG Co.,Ltd.နှင့် ပတ်သက်သော စာရင်းဇယားများအား စစ်ဆေးနိုင်ရန်အတွက် Audit Firm တစ်ခု အမြန်အလိုရှိပါသည်။

ဆက်သွယ်ရန် - **TAG CO.,LTD**
Ph: 09-49238463, 09-5003576

စာအုပ်စာပေ လူ့မိတ်ဆွေ

မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ပါမောက္ခ ဦးဝင်းမြင့်(Medical Director,Pun Hlaing Hospital)-
ပါမောက္ခ ဒေါ်ခင်သိန်းဦး(Senior Consultant OG)တို့၏သား

ဒေါက်တာရဲမွန်မြင့်

M.B.,B.S(IM-1),MPH(Johns Hopkins University,Maryland,USA),DrPH(candidate)
Public Health Specialist,Swiss Tropical and Public Health Institute

နှင့်

ရန်ကုန်မြို့နေ
ဦးဇော်ထွန်း(Finance Officer,Myint & Associates Co.,Ltd.)-
ဒေါ်သန်းသန်းရီ(Retired,Office of the Auditor General)တို့၏သမီး

ဒေါက်တာစိုးစိုးအေးထွန်း

M.B.,B.S(IM-1),MPH(Johns Hopkins University,Maryland,USA)
Public Health Officer, Swiss Tropical and Public Health Institute

တို့၏ ၂၆-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းဝင် လက်မှတ်ရေးထိုးပေးပါသော တောင်ဥက္ကလာပမြို့နယ်။ ဒုတိယတရားသူကြီး ဦးဇော်မင်းအောင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဒေါက်တာ ဦးမောင်မောင်မင်းသိန်းနှင့် တရားလွှတ်တော်ရှေ့နေ မြင်းခြံ ဦးစိန်ဝင်းတို့အားလည်းကောင်း၊ ၂၇-၁-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲအား စီစဉ်ပေးပါသော မဟာစည်သာသနာ့ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၀-၂-၂၀၁၃ ရက်တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော့ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးသာလှရွှေနှင့် ဇနီး ဒေါက်တာဒေါ်ခင်လေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော Marie Stopes International ဌာနေကိုယ်စားလှယ် ဒေါက်တာဦးစစ်နိုင်နှင့်ဇနီး ဒေါက်တာဒေါ်မိုးမိုးစန်းတို့အားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်းနှင့် Plus Three အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မRoseခင်မီမီဝင်း(စိန်နန်းတော် စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာကြည်ဆွေဝင်းနှင့် မJeanသီနှင်းဦး၊ မင်္ဂလာသတို့သားအရံ ကိုဗဟိန်းတင်နှင့် ကိုရဲမင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာစိုးမိုးမြင့်နှင့် မရွှေဇင်မွန်အောင်၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော (စိန်နန်းတော် စိန်ရွှေရတနာဆိုင်)၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးကြပါသော ဒီဇင်ဘာနှင်း၊ မေဦးမောင် (တော်ဝင်သူ)၊ မင်္ဂလာဝတ်စုံများ စီစဉ်ပေးကြပါသော မိုးကုတ်ပေါက်ပေါက်၊ ကိုမင်းသက်စံ၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော မစန်းစန်းဦးနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော 7 Pictureအဖွဲ့၊ Pre-wedding ဓာတ်ပုံများ ရိုက်ကူးပေးပါသော Forever Photo Studio၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲအား စီစဉ်ပေးပါသော Western Park Royal စားသောက်ဆိုင် မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာရဲမွန်မြင့်-ဒေါက်တာစိုးစိုးအေးထွန်း

C B BANK

ဝမ်းမြောက်ဖွယ်သတင်းကောင်း

မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များ၊ Shopping Center များ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ Mobile အရောင်းဆိုင်များ၊ ရတနာပစ္စည်းအရောင်းဆိုင်များ နှင့် အမျိုးမျိုးသောဆိုင်များအတွက် CB Bank မှ VISA Card, MasterCard, CUP Card သုံးမျိုးမှကြိုက်နှစ်သက်ရာ Card နှင့်အသုံးပြုနိုင်ရန်စီစဉ်ထားသော POS (Cardနှင့်ငွေပေးချေသောစက်)အားတပ်ဆင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ လူကြီးမင်းတို့၏ဆိုင်များတွင် အထက်ပါ POS (Cardနှင့်ငွေပေးချေသောစက်)အား တပ်ဆင်နိုင်ရန်အတွက် CB Bank သို့အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ –

CB Bank Merchant Service Centre

Phone : (01) – 378 905, 378 906 (သို့မဟုတ်)

e-mail : pos.merchant@cbbankmm.com

သို့အမြန်ဆုံးဆက်သွယ်နိုင်ပါပြီ။

Let's Win Win Together !

အထက်မြန်မာပြည်ကဏ္ဍ

ကျောက်ပန်းတောင်းမြို့ မြို့ဦးအောင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့ဦးမြို့ထိပ်တွင် တည်ထားသော မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက် (တပို့တွဲလဆန်း ၈ ရက်)မှ မတ် ၅ ရက် (တပို့တွဲလပြည့်ကျော် ၈ ရက်)အထိ ၁၆ ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ယာပုံ)**

မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ စတင်၍ ဖေဖော်ဝါရီ ၂၀ ရက်အထိ မဟာပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁၊ ၂၂ ရက်များတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍ ဖေဖော်ဝါရီ ၂၃၊ ၂၄ ရက်များတွင် တရားပွဲများ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆွမ်းသပိတ်လုံး လောင်းလှူပွဲကျင်းပမည်ဖြစ်ကြောင်း၊ မတ် ၅ ရက်အထိ ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့ရိုးရာခြင်းအလှုခတ်ပွဲများ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများ၊ ချောတိုင်တက်ပွဲနှင့် ခေါင်းအုံးရိုက်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

နန်းတော်မော်တော်ယာဉ်လိုင်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ "နန်းတော်" မော်တော်ယာဉ်လုပ်ငန်း ပြန်လည်ရှင်သန်တိုးတက်စေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးရည်မှန်းချက်ဖြင့် နန်းတော်အဆင့်မြင့်ခရီးသည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် "နန်းတော်" မော်တော်ယာဉ်ဂိတ်စခန်း ရန်ကုန်-မန္တလေးလမ်းမကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ တက်ရောက်ပြီး မော်တော်ယာဉ်များအား အမွှေးနံ့သာများနှင့် ပရိတ်ရေများ ပက်ဖျန်းဖွင့်လှစ်ပေးခဲ့သည်။

"နန်းတော်"မော်တော်ယာဉ် အဆင့်မြင့်ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ခေတ်မီလေအိတ် (Express) မော်တော်ယာဉ်များဖြင့် မန္တလေး-နေပြည်တော်-တောင်ငူ ခရီးစဉ်များကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ နေ့စဉ်အချိန်မှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

(၃၈၇)

အရောင်းအဝယ်အေးနေသော နနွင်းဈေးကွက် သွက်လာ

မုံရွာ ဖေဖော်ဝါရီ ၁၉

သုံးနှစ်ဆက်တိုက် အရောင်းအဝယ်အေးနေသဖြင့် ဈေးနှုန်းများ ကျဆင်းနေခဲ့သော နနွင်းဈေးကွက်မှာ ဖောက်သည်နိုင်ငံများဖြစ်သော ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ယူအေအီးနိုင်ငံတို့မှ နနွင်းများ ပြန်လည်ဝယ်ယူလာခဲ့ကြသဖြင့် နနွင်းတင်ပို့မှု မြင့်တက်လာမှုနှင့်အတူ နနွင်းဈေးကွက် သွက်လာခဲ့ကြောင်း သိရသည်။

နနွင်းဈေးကွက်တွင် ပင်လောင်းနနွင်း တစ်ပိဿာ ကျပ် ၅၀၀ မှ ၆၀၀၊ တောင်ပို့နနွင်း တစ်ပိဿာ ကျပ် ၇၀၀ မှ ၈၀၀၊ ဆင်တောင်နနွင်း တစ်ပိဿာ ကျပ် ၁၂၀၀ မှ ၁၃၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် နှစ်စဉ် နနွင်းလက်ကျန်များ ရှိနေခဲ့ရာ ယခုနှစ်တွင်လည်း နနွင်းတန်ချိန် နှစ်သောင်းမှ သုံးသောင်း ရှိနေသေးကြောင်း၊ ယခုအခါ ပြည်ပနိုင်ငံဝယ်လက်များ ပြန်လည်အဝယ်သွက်လာခဲ့သဖြင့် ဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သော်လည်း အချို့ကုန်သည်များမှာ ဈေးကွက်အခြေအနေကို စောင့်ကြည့်အကဲခတ်နေသဖြင့် နနွင်းများကို ထုတ်ရောင်းခြင်းမပြုဘဲ ဆက်လက်သိုလှောင်ထားနေကြကြောင်း သိရသည်။

နနွင်းပြည်ပတင်ပို့မှုမှာ ဇန်နဝါရီလမှစ၍ တစ်ပတ်ထက်တစ်ပတ်ပိုမိုမြင့်တက်လာခဲ့ရာ ပထမပတ်တွင် နနွင်းတန်ချိန် တစ်ရာကျော်၊ ဒုတိယပတ်တွင် တန်ချိန် နှစ်ရာကျော်၊ တတိယပတ်တွင် တန်ချိန်သုံးရာနှင့် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၇၀၀၀၀ တန်ဖိုးရှိ နနွင်းတန်ချိန် ၃၂၄ ဒသမ ၁၄ တန်အထိ တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကျွဲ၊ နွားစာများအတွက် အခက်အခဲမရှိအောင် စက်များဖြင့်စဉ်း၍ သိမ်းဆည်း

ရမည်းသင်း ဖေဖော်ဝါရီ ၁၉

ပွင့်လင်းရာသီရောက်လာသည်နှင့်အမျှ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာဖြစ်သော ကောက်ရိုးကို စုပုံမထားတော့ဘဲ စက်များဖြင့် စဉ်းကာ လုံခြုံသော နွားစာစဉ်းတိုက်များ၊ နွားစာတဲများတွင် သိမ်းဆည်းကြသည်။

သို့မှသာ မမျှော်လင့်သော ဘေးအန္တရာယ်များအတွက် စိတ်ချရပြီး ကျွဲ၊ နွားစာအတွက် အခက်အခဲမရှိဘဲ နွေ၊ မိုး၊ ဆောင်းရာသီစာ ကြိုတင်စုဆောင်းထားနိုင်သည်ဟု သိရသည်။

ပြီးခဲ့သည့် မိုးရာသီနှောင်းပိုင်းတွင် မိုးရွာသွန်းမှုနည်းသောကြောင့် ကျွဲ၊ နွားစာ အခက်အခဲရှိခဲ့သည်။ စပါးစိုက်တောင်သူများမှာ စပါးခြွေလှေ့ပြီး ရရှိသော ကောက်ရိုးကို တစ်ဒင်္ဂစုပုံထားခြင်းမှ ယခုကဲ့သို့ အားလပ်သော ပွင့်လင်းရာသီတွင် နွားစာစဉ်းစက်များငှား၍ စဉ်းကြသည်။ နွားစာစဉ်းစက်များကို အလွယ်တကူ ရွှေ့ပြောင်းနိုင်ရန် လှည်းများပေါ်တွင် ပြုလုပ်ထားသည့်အတွက် နွားစာစဉ်းလိုသော တောင်သူများထံသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ ဝန်ဆောင်မှုပေးကြသည်။ တစ်နာရီလျှင် နွားစာစဉ်းခ ကျပ် ၃၀၀၀ ပေးရပြီး တစ်နေ့လျှင် ခုနစ်နာရီအထိ စဉ်းပေးနိုင်၍ နွားစာစဉ်းစက်ဖြင့် ဝန်ဆောင်မှုပြုကြသူများလည်း အဆင်ပြေကြသည်။**(အပေါ်ယာပုံ)**

ယခုကဲ့သို့ စက်အားကို အသုံးပြုခြင်းကြောင့် အချိန်တိုအတွင်း လုပ်ငန်းများ ပြီးစီးနိုင်သကဲ့သို့ မမျှော်လင့်သော ဘေးအန္တရာယ်များကိုလည်း ကြိုတင်ကာကွယ်ပြီးဖြစ်ကာ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်း အထောက်အကူပြု၍ ကျွဲ၊ နွားစာအတွက်လည်း အခက်အခဲ မရှိအောင် ကြိုတင်စီစဉ်ခြင်းဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

မြန်မာနိုင်ငံအထက်ပိုင်းဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မှ ကြီးမှူးကျင်းပသော အကြိမ်(၄၀)မြောက် မြန်မာနိုင်ငံအထက်ပိုင်း ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲကို ည ၇ နာရီတွင် ပိုင်လီရဲ့စားတော်ဆက်၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော မြန်မာပြည်အရပ်ရပ်မှ ဆရာဝန်များသည် ဒေါက်တာခင်မောင်ကျော် အတွင်းရေးမှူး ဖုန်း-၀၉-၅၀၁၈၇၅၂ နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဖုန်း-၀၂-၆၄၈၄၄ တို့သို့ ဆက်သွယ်သတင်းပေးပို့၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

မီးဘေးရှောင် မလောင်ခင်တား

"လူမျိုးမရွေး၊ ဘာသာမရွေး သုံးဆောင်နိုင်သော"

ကုံးထက်အအေးဆိုင်

ကြက်ဆီထမင်းနှင့်ရေခဲမုန့်လုပ်ငန်း

၂၈-၂-၂၀၁၃ရက်တွင် အမှတ်-၁၄/၆၇၄၊ (၃)လမ်းထိပ်၊ ပေါင်းလောင်း(၁) ရန်ကုန်-မန္တလေးလမ်းဟောင်း (နေပြည်တော်) စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ကြက်ဆီထမင်းနှင့်ရေခဲမုန့်မျိုးစုံအပြင် **"လက်ဖက်ရည်"နှင့် မြန်မာ့စားဖွယ်ရာမုန့်မျိုးစုံလင်စွာ** သုံးဆောင်နိုင်ပါသည်။ ကြက်ဆီထမင်းနှင့် ရေခဲမုန့်ကို အထူးအော်ဒါလက်ခံပါသည်။

ဖုန်း-၀၆၇-၂၂၉၃၆၊ ၀၉-၅၁၆၁၉၅၆

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၇)၊ ဦးပိုင်အမှတ်(၇၄)၊ ၄၇×၄၈ ကြား၊ ခတ္တာလမ်းနှင့် ဂန္ဓမာလမ်းကြား၊ ဦးခင်မောင်အုန်း အမည်ပေါက်ဂရန်မြေကွက်အား ဦးခင်မောင်အုန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၄၅၅၅၉]က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၇၄)၊ ဦးပိုင်အမှတ်(၃၃)၊ ၄၃×၄၄ ကြား၊ ဘီအိုစီပေါက်၊ ညောင်ပင်လေးဈေးအတွင်း ဦးရဲမြင့်၊ ဒေါ်မြမြ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ခင်ညို မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၄၂၄၁၁]မှ အမှုတွဲအမှတ်(၀၅၄၂/၂၀၀၉-၂၀၁၀)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၄×၆၅ ကြား၊ ကုသိုလ်တော်လမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား၊ ဦးမြင့်အောင် အမည်ပေါက်ဂရန်မြေကွက်အား ဦးမြင့်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မမန(နိုင်)၀၁၄၀၁၁]က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ်(၂၇)၊ စစ်ကိုင်း-မန္တလေးလမ်းမပေါ်၊ လမ်းငါးခွမြောက်ဘက်၊ ဦးအောင်မြင့်၊ ဒေါ်သန်း အမည်ပေါက်ဂရန်မြေကွက်အား ဦးခင်မောင်အေး[၁၃/ကလန(နိုင်)၀၀၁၁၅၇]၊ ဒေါ်မြင့်မြင့်လွင်[၉/အမရ(နိုင်)၀၄၉၁၉၄]၊ ဒေါ်ခင်ပြုံးရီ[၁၂/ဥကတ(နိုင်)၁၀၀၃၇၀]၊ ဦးမြင့်သန်း[၁၂/သလန(နိုင်)၀၆၈၇၄၅]၊ ဒေါ်ရီ[၁၂/မရတ(နိုင်)၀၁၀၀၃၄]၊ ဦးသိန်းဌေး[၉/အမရ(နိုင်)၀၅၀၁၈၃]၊ ဦးကျော်သူ[၉/အမရ(နိုင်)၀၉၈၅၂၅]၊ ဦးမျိုးမင်းကို[၉/အမရ(နိုင်)၀၉၄၉၃၃]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၇၂၅၇၆၊ New Anbo 110၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးသောင်းရွှေ မှတ်ပုံတင်အမှတ်[၉/စကန(နိုင်)၀၂၅၈၀၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၇၃၅၃၂၊ Sen Sen 125၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးရဲဇော် မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်)၀၃၆၄၅၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၃၆၉၉၆၊ Kenbo KB 125 M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးရည်မွန် မှတ်ပုံတင်အမှတ်[၇/ရတန(နိုင်)၀၉၇၆၆၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စက/၁၅၆၈၀၊ လီဖန်း-၁၁၀၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းနိုင်ဝင်း မှတ်ပုံတင်အမှတ်[၅/စကန(နိုင်)၁၅၂၂၈၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

သတိမထားလျှင် မှားတတ်သော မြန်မာစာ(၉)

"ဆယ်ပြည့်ကိန်း" အရေးအသား

မျက်မှောက်ခေတ် မြန်မာစာအရေးအသားတွင် ဆယ်ပြည့်ကိန်း (ဆယ်ဆတိုးကိန်း)ဖြင့် ဝါကျတည်ဆောက်ရာ၌ အချို့က ဤသို့ ရေးသား နေကြသည်ကို တွေ့ရပါသည်။

"အစည်းအဝေးသို့ လူ ၂၀၀ ဦး တက်ရောက်ကြပြီး တစ်ဦးချင်းသို့လည်း လက်ဆောင်ပစ္စည်းသုံးမျိုးစီပေးအပ်ရာ၊ ထီး ၂၀၀လက်၊ ဒိုင်ယာရီ ၂၀၀ အုပ်၊ ဘောပင်၂၀၀ ချောင်း ကုန်သွားသဖြင့် ကော်မတီလူကြီးများမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။"

အထက်ပါစာပိုဒ်ကို မြန်မာစာတတ်သူ မည်သူပင်ဖတ်ဖတ် နားလည် သည်သာဖြစ်ပါသည်။ စာဆိုသည်မှာ စာရေးသူရေးသားထားသည့် အဓိပ္ပာယ် အတိုင်း ဖတ်သူကဖတ်၍ နားလည်လျှင် လိုရင်းသို့ရောက်သည်ဟု ဆိုနိုင် ကောင်းသည်မဟုတ်ပါလော။ ဤသို့ မေးမြန်းပါက ဖြေဆိုရန် အဖြေမရှိသည့် ပဟေဋ္ဌိတစ်ပုဒ်ဟု ဆိုချင်ပါသည်။ လူအချင်းချင်းစကားပြောရာ၌ စကားအမှား အယွင်းပြောမိပါက အရေးမကြီး။ ထိုစကားသည်မကြာမီလေထဲ၌ လွင့်ပါး ပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်ပါသည်။ စာကား ဤသို့မဟုတ်တန်ရာ။ အမှားအယွင်းရေးထားသည့် စာတို့မှာ ခေတ်အဆက်ဆက် လူအဆင့်ဆင့်သို့ ရောက်ပြီး အရာထင်နေတတ်ပါသည်။ မှန်သောအရာထင်ခြင်းသည် အရေး မကြီးသော်လည်း အမှားအရာထင်လျှင်ကား ဆိုစရာရှိလာတတ်ပါသည်။ မြန်မာစာအသုံးအနှုန်းအမှန်ကို လက်ခံထားကြသည့် ပုဂ္ဂိုလ်တို့ထံသို့ ဤစာပိုဒ် ရောက်သွားပါက ဟာ. . . ဟင်. . . ဖြင့် သက်ပြင်းချမည်မလွဲပါ။ ပြီးနောက် အထက်ပါ စာပိုဒ်ကို ဤသို့ပြုပြင်ရေးသားကြမည်ဖြစ်ပါသည်။

"အစည်းအဝေးသို့ လူဦးရေ ၂၀၀ တက်ရောက်ကြပြီး တစ်ဦးချင်း သို့လည်း လက်ဆောင်ပစ္စည်းသုံးမျိုးစီပေးအပ်ရာ ထီးအလက် ၂၀၀၊ ဒိုင်ယာရီ အုပ်ရေ ၂၀၀၊ ဘောပင်အချောင်းရေ ၂၀၀ ကုန်သွားသဖြင့် ကော်မတီလူကြီး များက ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။"

"ဝမ်းမြောက်ဝမ်းသာဖြစ်ရ" ၏ ကတ္တားပုဒ်မှာ ကော်မတီလူကြီးများ ဖြစ်သဖြင့် ကတ္တားနောက်ဆက်"က" ကို သုံးမှ အသုံးမှန်ပါသည်။" မှ " ကိုမသုံးနိုင်ပါ။(စကားချပ်)

ကိန်းဂဏန်းများနှင့် လူ၊ အရာဝတ္ထုပစ္စည်းစသည်တို့နှင့် တွဲစပ်၍ သုံးသောအခါ မြန်မာ၌ အသုံးထူးနေပါသည်။ အင်္ဂလိပ်ဘာသာကဲ့သို့ တစ်လူ၊ တစ်ဘုရား ၊တစ်ဇရပ်ဟု မသုံးဘဲ လူတစ်ယောက်၊ ဘုရားတစ်ဆူ၊ ဇရပ် တစ်ဆောင်ဟု သုံးပါသည်။ ဤတွင် ယောက်၊ ဆူ၊ ဆောင်တို့သည် အသုံးထူး သော စကားဖြစ်သဖြင့် " မျိုးပြပုဒ် " ဟု သတ်မှတ်ထားပါသည်။

လူ၊ အရာဝတ္ထုနှင့် ကိန်းများကို ရေတွက်ရာတွင် လူ၊ အရာဝတ္ထုဖြစ်သော နာမ်ကတစ်မျိုး၊ အရေအတွက်ကိန်းက တစ်မျိုး၊ မျိုးပြကတစ်မျိုးဟု သုံးမျိုး ပေါင်းစပ်မှ ကိန်းအရေအတွက်နှင့်လူ၊ အရာဝတ္ထု ခုရေပေါင်း အဖြေမှန် ထွက်ပါသည်။ (ဥပမာ လူသုံးယောက်၊ နာမ်ကိန်းမျိုးပြ) သို့သော်လည်း ဤအစီအစဉ်အတိုင်း အမြဲမသုံးကြပါ။

ဤတွင် ဆယ်ပြည့်ကိန်း(ဆယ်ဆတိုးကိန်း)နှင့် ဆယ်မပြည့်ကိန်းကို အလျင်သိထားမှသာလျှင် ရေတွက်ရာတွင် ကိန်းဂဏန်းအမှန်ဖြင့် ရေတွက် နိုင်ပါသည်။

ဆယ်မပြည့်ကိန်းဆိုသည်မှာ တစ်၊ နှစ်၊ သုံး၊. . . တစ်ဆယ်၊ တစ်ထောင် နှင့်ငါး၊ တစ်သောင်းနှင့်သုံး စသည်ဖြင့် အစွန်းထွက် ဂဏန်းပါသမျှ ဆယ် မပြည့်ကိန်းဟု ဆိုပါသည်။

ဆယ်ပြည့်ကိန်း (ဆယ်ဆတိုးကိန်း)ဆိုရာတွင်ကား နှစ်ဆယ်မှ အထက် သုညဆုံးသော သုံးဆယ်၊ လေးဆယ်၊ ငါးထောင့်ငါးရာ၊ တစ်သောင်းခြောက် ထောင်. . . . စသည်များဖြစ်ပါသည်။

ဤတွင် ဆယ်မပြည့်ကိန်းနှင့် ဆယ်ပြည့်ကိန်းကို လူ၊ အရာဝတ္ထုတို့နှင့် တွဲစပ်ရေတွက်ရာ၌ အစီအစဉ်နှစ်မျိုး ဖြစ်ပေါ်လာပါသည်။

ဆယ်မပြည့်ကိန်း

နာမ်	ကိန်း(အရေအတွက်)	မျိုးပြ
သံဃာ	ဆယ်	ပါး
လူ	ငါး	ယောက်
ငှက်	နှစ်	ကောင်

မှတ်ချက်။ ။သံဃာတစ်ဆယ်ပါးဟု မသုံးဘဲ သံဃာဆယ်ပါး ဟုသာသုံးပါသည်။

ဆယ်ပြည့်ကိန်း

နာမ်	မျိုးပြ	ကိန်း(အရေအတွက်)
သံဃာ	အပါး	ငါးဆယ်
လူ	အယောက်	သုံးဆယ်
ငှက်	အကောင် (ကောင်ရေ)	တစ်ရာ

သတိမထားပါက သံဃာငါးဆယ်ပါး၊ လူသုံးဆယ်ယောက်၊ ငှက်တစ်ရာ ကောင်ဟု လွဲမှားရေးတတ်ပါသည်။

ဆယ်ပြည့်ကိန်းရေးသားရာတွင် ခေတ်အသုံးအရ သံဃာငါးဆယ်၊ လူသုံး ဆယ်၊ ငှက်တစ်ရာဟုလည်း သုံးကြပါသည်။(အပါး၊ အယောက်၊ အကောင်ကို ထည့်ပေးရန်မလိုပါ)

ဆယ်မပြည့်ကိန်း၊ ဆယ်ပြည့်ကိန်းအသုံးအနှုန်းအတွက် စွဲစွဲမြဲမြဲ လွယ် လင့်တကူ မှတ်မိနိုင်သော ဥပမာတစ်ခုမှာ ရန်ကုန်မြို့ရှိ လမ်းများကို ဘိုးစဉ် ဘောင်ဆက်ရေတွက်ရာတွင် အမှန်အတိုင်းသုံးနှုန်းနေခြင်းဖြစ်ပါသည်။

ဆယ်မပြည့်ကိန်းအရ. . . ၁၁ လမ်း၊ ၁၂ လမ်း. . . .၊ ၂၄ လမ်း၊ ၂၅ လမ်း၊ ၂၆ လမ်း၊ ၂၇ လမ်း၊ ၂၈ လမ်း၊ ၂၉ လမ်းဟု ရေတွက်ပြောဆိုကြ သော်လည်း ဆယ်ပြည့်ကိန်းဖြစ်သည့်အခါ လမ်း ၃၀၊ လမ်း ၄၀၊ လမ်း ၅၀ စသည်ဖြင့် အခေါ်အဝေါ် ပြောင်းသွားကြောင်း မှတ်သားဖွယ်ဖြစ်ပါသည်။

ပုံသေနည်းအရ ဆယ်မပြည့်ကိန်းဖြင့် ရေးသားလျှင် နာမ်၊ ကိန်း၊ မျိုးပြ အစဉ်လိုက်၍ ဆယ်ပြည့်ကိန်းဖြစ်လျှင်ကား နာမ်၊ မျိုးပြ၊ ကိန်း အစဉ်အတိုင်း ရေးသားရန် ဖြစ်ပါသည်။ နာမ်သည် အမြဲရှေ့မှနေ၍ မျိုးပြနှင့် ကိန်းတို့သာ ရှေ့နောက်ပြောင်းလဲသည်ကို သတိထားလျှင် အရေးအသားမမှားနိုင်ပါ။

ရွှေခိုင်သိန်း (ဘဏ်)

နှစ်ကျပ်ခွဲကျေးရွာတွင် 11 KVA မီးလိုင်းအသစ်သွယ်တန်း

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက် ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေး ရွာတွင် လျှပ်စစ်မီးလိုင်းအသစ် သွယ် တန်းနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှ ကျပ်သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ရာ ကျေးရွာ မီးလင်းရေး ကော်မတီမှ တာဝန်ခံ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ယူ ရရှိခဲ့ပြီး မြို့နယ်လျှပ်စစ်၏အကူအညီ ဖြင့် လိုအပ်သည့်ပစ္စည်းများဝယ်ယူ ကာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကွန်ကရစ်တိုင်များစိုက်ထူခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေကြောင်း သိရ သည်။**(အပေါ်ပုံ)**

နှစ်ကျပ်ခွဲကျေးရွာတွင် အိမ်ခြေ ၈၇၀ ရှိပြီး ယခင်သွယ်တန်းထား သော 11 KVA ဓာတ်အားလိုင်းမှ ထီးတော်လှူပ်တိမ်တော်ဘုရားနှင့် ဘုရားအနီးဝန်းကျင်ရှိ အိမ် ၁၄၅ အိမ်ကိုသာ မီးသွယ်တန်းရရှိခဲ့သဖြင့် မီးမရရှိသည့် အိမ်ခြေ ၇၂၅ အိမ်မှ မီးသွယ်တန်းခွင့်ရရှိရေး တိုင်းဒေသ ကြီး အစိုးရအစီအစဉ်ဖြင့် 11 KVA လျှပ်စစ်မီးလိုင်းအသစ်တစ်လိုင်းကို သွယ်တန်းနိုင်ရေး စီစဉ်ဆောင်ရွက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်

(၆၂၈)

မြစပါယ်
MYA SABEI
အထည်နှင့်မုန့်မျိုးစုံ
နှစ်သစ်ကူး အထူးအစီအစဉ်
25% discount
၁၈.၂.၂၀၁၃ မှ ၂၆.၂.၂၀၁၃ အထိ [မြေနီကုန်းဆိုင်ခွဲတွင်သာ]
City Mart အနီး၊ စမ်းချောင်းမြို့နယ်။ Tel : 508283, 09 5015506
Tel : 249875, 256067
Tel : 291926, 299004

N-3 ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်အထူးသင်တန်းကျောင်းကြီး
(၅) တန်းမှ (၁၀) တန်းအထိ
ဦးညဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာစိုး (ဇီဝဗေဒ)
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေရာကောင်းရရန် ယခုမှစ၍ လာရောက်လေ့လာစုံစမ်းအပ်နှံနိုင်ပါပြီ။

HTET OO MARITIME TRAINING INSTITUTE
Basic Safety Training Course (BST)
Pre-sea Course (Deck)
ဆက်သွယ်ရန်လိပ်စာ
HTET OO MARITIME TRAINING INSTITUTE
Ph/Fax : 01-544562, Ph: 09 421154222, Email : htetoo.maritime@gmail.com

FAME GynuHerb®
Natural medicine for diabetes
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009054 (0814)

FAME HerbalSleep®
Herbal sedative
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011160 (1114)

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း
အမှတ်စဉ် (၁၁) (၁၂) (၁၃) ပုံမှန်တန်းခွဲသစ်များကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

အခန်းဆက်ဝတ္ထု

သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

နှင်းငွေ့တစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်

ဆောင်းက ကောင်းကောင်းသစ်ခဲ့ပြီးပြီ၊ ဆောင်းသစ်ခဲ့ပြီးပြီမို့ ညနေမှာ နှင်းငွေ့တို့ဝေ့ဝေ့လေးမှုန်နေသည်။ ပြာပြာရီရီလေးဆိုတော့ မြူနှင့်ပင် တူနေသည်။ သို့ရာတွင် မြူဆိုသည်က နွေ၏ပစ္စည်းပါ။ ဆောင်း၏ တန်ဆာမဟုတ်။ ပြီးတော့. . . မြူမှာက အနံ့မရှိ၊ အနည်းဆုံးအနံ့မရှိဘူးဟု ထင်သည်။ နှင်းမှာတော့ အနံ့ရှိသည်။ သင်းသည်၊ မွှေးသည်ဟုတော့ မဆိုနိုင်။ လန်းဆန်းသော ရနံ့တစ်မျိုးကတော့ အမှန်ရှိသည်။ သည်ရနံ့ရလျှင် ဆောင်းသစ်ပြီဟု သိရသည်။ သို့မဟုတ် နှင်းတို့ ရောက်လာပြီဟု နားလည်ရသည်။

အမှန်ကတော့ ဆောင်းသစ်ပြီဆိုခြင်းနှင့် နှင်းတို့ရောက်လာပြီဆိုခြင်းသည် အဓိပ္ပာယ်အတူတူပဲဟု ထင်သည်။ တစ်ခုပဲခက်သည်။ ဆောင်းသစ်ပြီဆိုတော့ မိုးကာလ ကြွေစင်သွားပြီဟု ဆိုနိုင်ပါသလော။ ဆိုနိုင်မည်မထင်၊ အဟောင်းနှင့်အသစ်သည် တစ်ပိုင်းတစ်လက်စ ထပ်နေတတ်သည်။

ညနေကို ကြည့်ပါ။ အရှေ့ဘက် လောကဓာတ်တစ်ခြမ်းမှာ နှင်းတို့ ပြာပြာရီရီမှုန်နေသည်။ အနောက်ဘက်ကောင်းကင်မှာတော့ တိမ်တောက်နေသည်။ မိုးကာလနေဝင်ချိန်ကဲ့သို့ ရောင်မျိုးတွေ စုံနေသည်။ ခရမ်းရောင် မီးခိုးရောင် တိမ်စိုင်တွေလည်း ရှိနေကြသေးသည်။ တစ်ချီတစ်ချီတွင် လေကပြင်းပြင်းလေးလာသည်။ မြောက်ပြန်လေလည်း မဟုတ်။ ဘယ်အချိန်မှာ တိမ်တိုက်တွေဆက်ပြီး လွှမ်းသွားဦးမည်နည်း။ အဲသည်လိုဆိုလျှင် တန်ဆောင်မုန်းည ကောင်းကင်မှာ နက္ခတ်တွေစုံအောင် ပေါ်နိုင်ပါဦးမည်လော။ လှတတ်သော တန်းဆောင်ရွှေတိုင် ညတစ်ညမှာ မိုးသားတွေရှိလျှင်တော့ အင်း. . . ဝမ်းနည်းစရာပေါ့။

ကထိက ဒေါက်တာဦးမြင့်နွယ်သည် ထနောင်းနှင့် တမာပင်တို့ရံအပ်သော မန္တလေးတက္ကသိုလ် ဗဟိုရှိ လမ်းဝိုက်ဝိုက်ကလေးအတိုင်း လျှောက်လာရင်း ပြုံးမိသည်။

စိတ်ပညာ ကထိကဖြစ်သောကြောင့် စိတ်အကြောင်းနားလည်သည်။ အထူးသဖြင့် မိမိစိတ်ကို မိမိနားလည်သည်။

မိမိသည် စိတ်ကူးယဉ်တတ်သည်။ စိတ်ကူးယဉ်တတ်ခြင်းကိုလည်း ရှက်ဖွယ်ဟု ဘယ်တုန်းကမျှ မထင်မှတ်ခဲ့။ အမှန်မှာ. . . လူ့စိတ်သည် လူ့စိတ်ဖြစ်နေဖို့ သင့်တင့်သော စိတ်ကူးယဉ်မှုက လိုသည်။

သည်ရာသီက စိတ်ကူးယဉ်၍ အလွန်ကောင်းသည်၊ လှသည်၊ ဆန်းသည်၊ လွမ်းဖွယ်ပင် ညို့ညို့လေးရှိနေသည်။

ဦးမြင့်နွယ်သည် ဘားရှားဟတ်(ထ)ဟု အစိုးရအင်ဂျင်နီယာတွေခေါ်သော လက်ထောက်ကထိကများနေသည့် သစ်သားအိမ်တန်းရှေ့မှ တောင်ဘက်ဆီဦးတည် လျှောက်လာနေသည်။

နီနီညိုညိုနှင့် သစ်သားအိမ်လေးများက လှပသည်။ အိမ်ခြံဝင်းမှ မြေတို့က ပတ်ဝန်းကျင်ရှိ အခြားမြေတို့နှင့်မတူ၊ သူတို့ကလွလွဖြူဖြူနိုင်သည်။ ဖို့ထားသောမြေဟု သိရသည်။ မြေက လွလွဖြူဖြူဆိုတော့ ပေါက်နေကြသော သစ်ပင်ပန်းပင်တို့၏ အစိမ်းရောင်သည် ပို၍ကြည်လင်ပေါ်လွင်သည်။

အင်ဂျင်နီယာတွေ၏ အသုံးအနှုန်းကလည်း အခက်သား။ သစ်သားအိမ် လှလှကလေးများကို ဘာကြောင့် ဘားရှားဟတ်(ထ)ဟုခေါ်ကြမှန်းမသိ။

မန္တလေးသည် လှကြောင်း လူတွေသည် မိမိကို ယခင်က ဘာကြောင့် မပြောကြမှန်းလည်း မသိ။

ကဗျာဆန်သော အလှ. . . သည်စကားကို မကြိုက်သေး။ ကဗျာအသက်ရှိသော အလှ. . . ဟုတ်ပြီ။ ကဗျာအသက်ရှိသော အလှ။ မန္တလေး၏အလှမှာ ကဗျာအသက်ရှိသည်။

ဟိုးရှေ့အဝေးမှာ ရှမ်းတောင်မင်း. . . ဟုတ်သည်၊ တောင်မင်း. . . မြင့်သည်၊ ခန့်သည်၊ တည်သည်၊ ငြိမ်သည်။ နှင်းလွှာ အကာသားမို့ ပြာပြာမှောင်နေသေးသည်။ တောင်မင်းနှင့် ရှုသူကြားမှာက လယ်ကွင်းပြင်တွေ၊ တောအုပ်က ဟိုတစ်စု သည်တစ်စု၊ စေတီဖြူဖြူလေးတွေကလည်း မရှား။ သူတို့ကလည်း တည်ငြိမ်သည်။ သူတို့မရှိလျှင် ရှုခင်းဘာဖြစ်သွားမည်နည်း။ မပြည့်မစုံ မလှမပဖြစ်သွားမည်က သေချာသည်။

ဦးမြင့်နွယ်သည် အရှေ့ဘက်သို့ ချိုးလိုက်ပြီး တောင်တန်းပြာဆီ မျက်နှာမူ၍ လျှောက်သည်။

နှစ်ထပ်တိုက်ကြီးများကို တစ်လုံးပြီးတစ်လုံး ကျော်လျှောက်လာသည်။

မိမိ၏ တိုက်ခြံအတွင်းသို့ ဝင်ခဲ့ပြီး ဦးမြင့်နွယ်သည် ဟိုဘက်ခြံ၊ သည်ဘက်ခြံကို ကြည့်သည်။

ဟိုတစ်ဖက်ခြံမှာက မိမိနှင့်ရွယ်တူခန့် ရုက္ခဗေဒ ပါမောက္ခသည် လသားအရွယ်သားငယ်ကို မြှောက်ချီနူတ်ဆက်နေသည်။ မိမိကဲ့သို့ပင် ကျောင်းမှပြန်ရောက်စ ဖြစ်မည်။ အကျႌအဝတ်အစားမလဲရသေး။ ပါမောက္ခက သားငယ်ကို မြှောက်ချီချော့မြှူနေခိုက် သားလတ်ကသူ့ခါးကို နောက်မှဖက်ကာ ခိုတွဲထားသည်။ ခပ်ကြီးကြီးတစ်ကောင်ကမူ ခြံတွင်း၌ စက်ဘီးပတ်စီးနေသည်။

ဦးမြင့်နွယ်က သက်ပြင်းမသိမသာချလိုက်ပြီး တိုက်တွင်းဝင်လာခဲ့သည်။

မိမိကိုတော့ ဆီးကြိုမည့်သူမရှိ။ မိမိက ကြည်နူးဝမ်းသာစွာ ပွေ့ယူချီမြှောက် ချော့မြှူရမည့်သူလည်းမရှိ။

ဦးမြင့်နွယ်သည် ရင်တွင်း၌ မဟာ့တဟာဖြင့် အိမ်ပေါ်ထပ်တွင် အဝတ်အစားလဲသည်။ အကျႌတွေကို ကြိုးတန်းမှာ ကိုင်းချိတ်နှင့် ချိတ်ထားလိုက်သည်။ ပုဆိုးကိုတော့ ခုတင်ခြေရင်းတွင် ဖြန့်လွှားထားခဲ့သည်။

အောက်ထပ်ဆင်းလာခဲ့ပြီး ပီယာနိုခုံပေါ်တွင် ထိုင်သည်။ ပီယာနို အံဖုံးကိုဖွင့်ပြီး အသံစမ်းသည်။

ဘာတီးရမည်နည်း။ ဘာတီးရမှန်းမသိ၊ ဘာကိုမှလည်းဟုတ်တိပတ်တိ တီးချင်စိတ်မရှိ။

ခြေသံကြားရပြီး ကော်ဖီတစ်ပန်းကန်ကိုင်လျက် တပည့်ကျော်သက်ဝေ ပေါ်လာ၏။

သက်ဝေက ကော်ဖီပန်းကန်ကို စားပွဲပုလေးပေါ် တင်ထားသည်။

ဦးမြင့်နွယ် ပီယာနိုတီးခြင်းကို ရပ်လိုက်ပြီး သက်ဝေကို မေး၏။

"ကော်ဖီက ဒီတစ်ခွက်တည်းလား"

"ဟုတ်ကဲ့ဆရာ တစ်ခွက်တည်း၊ ဧည့်သည်လာဦးမှာမို့လို့လား"

"မင်းဘိုးအေ ဧည့်သည်လာရမလား၊ ငါ ကော်ဖီခါးခါး များများသောက်ချင်တယ်"

"ဆောရီး. . . ဆရာ၊ အဲဒါ ကျွန်တော်ပြောမလို့၊ ဟိုနေ့က သတင်းစာထဲမှာ ဆောင်းပါးတစ်ခု ဖတ်ရတယ်။ ကော်ဖီထဲမှာ ကာဖင်းဆိုလား. . . ဘာဖင်းဆိုလား. . . အဲဒီဓာတ်ပါတယ်တဲ့။ အဲဒီဓာတ်ဟာ နှလုံးရောဂါဖြစ်တတ်တယ်ဆိုလား၊ နှလုံးတုန်တတ်တယ်ဆိုလား၊ အဲ. . . တစ်ခုခုတော့ ဖြစ်တတ်တယ်လို့ အသေအချာဆိုထားတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ဒါကြောင့် ဆရာ့ကို ကျွန်တော်ကော်ဖီတစ်ခွက်ပဲ ပေးတာ"

ဦးမြင့်နွယ်က သက်ဝေကို စေ့စေ့ကြည့်ပြီး မေးသည်။

"ဒီမှာ. . . သက်ဝေ၊ မင်းက ဆရာလား၊ ငါက ဆရာလား"

"ဟာ. . . ဒီကိစ္စက အရှင်းကြီးပဲ၊ ကျွန်တော်က ကျွန်တော်၊ ဆရာက ဆရာ"

"အေး. . . ရှင်းရင်ပြီးရော၊ ကော်ဖီထပ်ဖျော်ခဲ့၊ ကရားနဲ့တစ်လုံး ကြားလား"

"ဆရာ ကုန်နိုင်ပါ့မလား"

"ရှည်မနေနဲ့ သက်ဝေ၊ ငါခိုင်းတာလုပ်"

"ကျွန်တော်က အလကား ကျန်နေမှာစိုးလို့၊ သကြားက ဈေးကြီးတယ်၊ ပြီးတော့ဆရာ ဂေါက်ကွင်းသွားတော့ မလို့ မဟုတ်လား"

"ငါ. . . ဒီနေ့ ဂေါက်မရိုက်ဘူး"

"ဩော်. . . ဒါကြောင့်ကိုး. . ."

"ဘာလဲ ဒါကြောင့်ကိုး"

"ဆောင်းတွင်းကြီး မိုးရွာတာ"

သက်ဝေက သည်မှတ်ချက်ကို ပေးပြီးအခန်းတွင်းမှ ထွက်သွား၏။

မကျေမနပ်နှင့် ဦးမြင့်နွယ်သည် ကော်ဖီထိုင်သောက်၏။

သက်ဝေသည် လေသာရှည်သည်။ ကော်ဖီဖျော်တော့ အကောင်းသား။ ဦးမြင့်နွယ်အကြိုက်အတိုင်း လေးလေးခါးခါးနှင့် သကြားပေ့ါပေ့ါ။

ကော်ဖီသောက်ရင်း ဦးမြင့်နွယ်က ပြုံးမိသည်။ ပညာရှိသက်ဝေပြောသည်မှာ အမှန်သား။ ကော်ဖီကို များများသောက်၍ မကောင်း။ ခက်သည်က မိမိသည် နို့မပါသော ကော်ဖီခါးကို အလွန်ကြိုက်သည်။ ဘာမှလုပ်စရာမရှိလျှင် ကော်ဖီခါးကို လက်ဖက်ရည်ကြမ်းလို ထိုင်သောက်နေရမှ ကျေနပ်သည်။

ယခုညနေပိုင်း၌ လုပ်စရာမရှိ၊ ဂေါက်ကွင်းသွားဖို့အချိန်ကလည်း စကောစက။ အင်း. . . ကော်ဖီသောက်ပြီးလျှင် ခြံတွင်းဆင်း၍ အက်ပရုတ်ချ် (ဂေါက်သီးအနီးကပ်ရိုက်)ကျင့်မည်။ တစ်နာရီမျှအချိန်လောက်တော့ ချောင်ချောင်ချိချိ ကုန်သွားနိုင်သည်။

ကြွေကရားကိုင်လျက် သက်ဝေပြန်ပေါ်လာသည်။

"ဩော်. . . မင်းက ဖျော်ပြီးပြီကိုး၊ ငါက နေတော့လို့ ပြောမလို့"

"ကိစ္စမရှိပါဘူး၊ ဒါက လက်ဖက်ရည်ကြမ်းပါ"

"နို့. . . မင်းကို ငါ ကော်ဖီဖျော်ခိုင်းလိုက်တာ မဟုတ်လား"

"ကော်ဖီဖျော်ဖို့က ရေနွေးထပ်ကျိုရဦးမှာ ဆရာ"

"လက်ဖက်ရည်ကြမ်းဖို့တော့ ရေနွေးက ဘယ်ကရသလဲ"

"ဒါကတော့ အစောတည်းက ကျွန်တော်ထည့်ထားတာ၊ အခု ရေနွေးထပ်ကျိုထားပါတယ်၊ လက်ဖက်ရည်ကြမ်းသောက်နှင့်ပေါ့ ဆရာ၊ လက်ဖက်ရည်ကြမ်းကတော့ အန္တရာယ်မရှိပါဘူး၊ များများသောက်ရင် ဆီးတောင်ရွှင်တယ်၊ ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီးတဲ့၊ ကျွန်တော်တော့ ညအိပ်ရာဝင်ခါနီး မသောက်ရဲဘူး၊ ဟောဒီ ဆောင်းတွင်းဆို သာဆိုးတယ်၊ စမောကောတယ်လာတယ် ဆရာ"

သက်ဝေက စမောကောဟု အင်္ဂလိပ်စကား ညှပ်သုံးသည်ကို သတိပြုမိပြီး ဦးမြင့်နွယ် အသာပြုံးသည်။ သည်ကောင့်မှာ သည်ရောဂါကလေးက ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

> "အမှန်ကတော့ ဆောင်းသစ်ပြီဆိုခြင်းနှင့် နှင်းတို့ ရောက်လာပြီဆိုခြင်းသည် အဓိပ္ပာယ်အတူတူပဲဟု ထင်သည်။ တစ်ခုပဲခက်သည်။ ဆောင်းသစ်ပြီဆိုတော့ မိုးကာလ ကြွေစင်သွားပြီဟု ဆိုနိုင်ပါသလော။ ဆိုနိုင်မည်မထင်၊ အဟောင်းနှင့် အသစ်သည် တစ်ပိုင်းတစ်လက်စ ထပ်နေတတ်သည်"

ဗိတ်ဆွေ ! ကားဝယ်ဖို့သင်စဉ်းစားနေလား

ဒီအချိန်က ကားဝယ်မယ်ဆို အကောင်းဆုံးအချိန်ပါပဲ။
သင့်အတွက်ရွေးချယ်စရာ အရောင်းစင်တာတွေ၊ ကားအမျိုးအစားတွေအများကြီးရှိတဲ့အထဲကမှ
SWEL TAW BUSINESS GROUP ကိုတစ်ခေါက်လောက်ဖြစ်ဖြစ်
ရောက်အောင်လာကြည့်ဖို့ဖိတ်ခေါ်ချင်ပါတယ်။
ဝယ်ရောင်းတွေတောင် ဒီလောက်အားပေးဝယ်ယူနေတဲ့ ကျွန်တော်တို့ဆီမှာ လူကြီးမင်းတို့လို
ဝယ်စီးမည့်သူတွေအတွက် စိတ်ကြိုက်ဖြစ်မှာသေချာပါတယ်။

SWEL TAW BUSINESS GROUP

အမှတ် D.3, သာယာရွှေပြည်လမ်း၊ ရွှေပြည်ဟိန်းကျောင်းအနီး၊ တာမွေလေး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-730 81696, 09-420071052, 09-420071053

ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဈေးပိုင်းရပ်ကွက်မှ မခင်မာလွင်[၇/သဝတ(နိုင်)၀၈၈၃၉၃] တတိယနှစ်(သမိုင်း)၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင်(ခ) ဦးတင်ညွန့် ဖြစ်ပါကြောင်း။

ကန့်ကွက်ရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၂)၊ အမှတ်(၁)ဈေးလမ်း၊ ဆိုင်အမှတ်(F-4),(18x50) 3R/C,လူနေဆိုင်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းထွန်း[၁၂/ပဘတ(ဧည့်)၀၀၀၀၅၁]ထံမှ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက် ကျော်လွန်သွားပါက အရောင်းအဝယ်အား အပြီးသတ်ပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်စန်းစန်းမြင့်(အင်းမ)
B.A(Law) LL.B,D.B.L,D.I.L,WIPO(GENIVA)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်(၃၉)၊ အောင်ဇေယျရိပ်သာလမ်းသွယ်၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉-၅၀၀၂၅၉၀၊ ၀၉-၅၁၀၈၆၃၀

Feb-22 & Mach-1
09-421153797

အမြန်ပြန်လာပါ

ဒေါ်မြင့်အေး(ဒေါ်လတ်)
ဖိုးပြည့် မင်္ဂလာကိစ္စရှိသည်။ အမြန်ပြန်လာပါ။
ဖုန်း-၀၉-၄၃၀၈၈၄၆၅၊
၀၉-၅၁၄၃၄၃၆၊
၀၉-၄၂၁၀၅၇၇၆၉

တိုက်အိမ်ရောင်းမည်

(20'x40')နှစ်ထပ်တိုက်၊ သုခလမ်း(မင်းလမ်းနှင့်ကျောချင်းကပ်) စမ်းချောင်းမြို့နယ်၊ အာရှတော်ဝင်အနီး (ညိုနှင်းဈေး)
Ph:045-30192

ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (ဒေါပုံမြို့နယ်)
သီတဂူရေအလှူတော် အထူးတရားပွဲ ဖိတ်ကြားလွှာ

စဉ်	ရက်စွဲ	ဟောကြားမည့်ဆရာတော်	အချိန်	နေရာ
၁။	၂၂-၂-၂၀၁၃ (သောကြာနေ့)	အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရဆရာတော်)	ညစဉ် (၇း၀၀)နာရီ	မြို့နယ်အားကစားကွင်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်
၂။	၂၃-၂-၂၀၁၃ (စနေနေ့)	အရှင်ဓမ္မသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)		
၃။	၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)	ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)		

ဆက်သွယ်လှူဒါန်းနိုင်ရန် ➢ ဦးအေးမောင်၊ ဖုန်း - ၀၉ ၄၂၀၀၆၆၃၂၊ ဦးစိန်သန်း။ ဖုန်း - ၀၉ ၄၉၃၂၂၅၁၅
ဦးဝင်းဇော် ဖုန်း - ၀၉ ၇၃၀၀၃၀၅၀ ၊ ဒေါ်မိုးမိုးနိုင်ထွေး။ ဖုန်း - ၀၉ ၇၃၁၀၇၇၅၃

သိမ်ဇရပ်(အထက)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်အထကကျောင်းသား/သူဟောင်းများ၏ (၁၁)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ်၊ မတ်လ ၂၆ရက်(အင်္ဂါနေ့)၊ တပေါင်းလပြည့်နေ့ညနေတွင် သိမ်ဇရပ်အထကကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ လုပ်သက်သုံးနှစ်နှင့်အထက် ပညာပို့ချပေးခဲ့ပြီး အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ရန်ကုန်မြို့
ဒေါက်တာဝင်းနောင် ၀၉-၅၁၅၈၄၄၃
ဒေါက်တာအောင်ထက် ၀၉-၅၀၅၈၇၅၃
မိချောစုစု ၀၉-၅၀၆၂၀၀၅
ဦးကျော်ကျော်စိုး ၀၉-၇၃၀၇၃၁၉၀
နေပြည်တော်
ဦးမျိုးကြွယ် ၀၉-၇၃၂၄၄၈၆၆
မော်လမြိုင်
ဦးသိန်းငွေ ၀၉-၈၇၀၀၂၇၃
သထုံ
ဦးချစ်ကိုကို ၀၉-၈၇၂၀၅၈၈

သိမ်ဇရပ်
ဒေါ်စန်းတင့်(ကျောင်းအုပ်ကြီး)၀၉-၄၂၅၂၇၈၂၂၇
ဦးကိုကို(စက္ကူစက်) ၀၉-၄၂၅၃၃၂၅၂၅
ဦးထင်ပေါ် ၀၉-၄၂၅၃၃၂၅၀၅
ဦးစွေ့ထင် ၀၉-၄၂၅၃၄၅၆၅၄
ဦးမင်းအောင် ၀၉-၄၂၀၇၁၃၄၂၉
ဦးသန်းဦး-ဒေါ်မေချွန်း ၀၉-၅၁၇၅၃၆၉
ဒေါ်သီတာဦး ၀၉-၄၂၅၃၃၁၇၃၃
ဒေါ်ချိုချိုမာ ၀၉-၄၂၅၃၅၃၃၆၇
ဦးသိန်းဇော် ၀၅၇-၆၂၂၆၈

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
သိမ်ဇရပ်အထကကျောင်းသား/သူဟောင်းများ

ကျောချိုး၊အရိုးနှင့် အကြောအဆစ်ဆိုင်ရာရောဂါ
ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါ များအတွက်
(၂၄-၂-၂၀၁၃)နေ့ ၊ ရန်ကုန်မြို့တွင် အစမဲ့
တိုင်ပင်ဆွေးနွေးနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ZM SERVICES
ဇော်မောင်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း
ဒေါက်တာ နယ်လီစင်သန်းအေး
ဖုန်း – ၀၁ ၅၂၅၉၃၀၊ ၀၉ ၅၁၅ ၄၈၅၂၊ ၀၉ ၇၃၀ ၉၁၈၆၄၊ ၀၉ ၄၂၀ ၈၈ ၁၂၅

NELC
Don't Worry, Just Speak!!!
Nelson English Language Centre
➢ Pre-School (Age/ 3-5) ➢ Listening & Speaking – 1, 2
➢ Intro, Level 1 , 2, 3 ➢ IELTS (Foundation)
Opening In March
★မြေနီကုန်း - 01 516681, 523680, 526311 ★ စမ်းချောင်း - 01 501947, 09 8612639
★ ဗိုလ်အောင်ကျော် - 01 256516 ★ ရန်ကင်း –01 8550 728 ★ မန္တလေး – 02 65852

ဝယ်လိုသည်
"မြတ်စိုးနှင့်ရောင်းရင်းများ" မှ ရွှေပြည်သာမြို့နယ်ရှိ (၆၀'×၆၀') အကျယ်မြေကွက်များ၊ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါရန်။ ဖုန်း-၀၉၇၃၀၄၄၀၂၆၊ ၀၉၇၃၀၆၂၃၁၁

တရုတ် Sayar.Yang ENGLISH Conversation Practice
စကားပြောခွင့်ဆိုရင် (တရုတ်)စာမတတ်လည်းပြောတိုလိုရတယ်။
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောချက်လွယ်အတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall TAMWE - 540714, 09 5183636 09 49 285182

BCB Centre မှ လူငယ်များစွမ်းဆောင်ရည်မြှင့်တင်မှုရှိစေရန် Confidence Building Program ဖွင့်လှစ်ပါမည်

MBA ဘွဲ့ရစီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Association က တည်ထောင်ထားသော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကျောင်း Business Capacity Building (BCB) centre ၌ လူငယ်များ စွမ်းရည်မြှင့်တင်မှုရှိစေရန် Confidence Building Program သင်တန်းကို ၂၀၁၃ခုနှစ်၊ မတ်လ ၄ရက်တွင် ဖွင့်လှစ်ပါမည်။ ထိုသင်တန်းတွင် ပို့ချမည့်ဘာသာရပ်(၁၁)ခုပါဝင်ပါမည်။ သပ်ရပ်စွာဝတ်စားနေထိုင်တတ်စေရန်၊ ပျော်ရွှင်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်းနှင့်အသင်းအဖွဲ့များတွင် ဦးဆောင်မှုပြုနိုင်စေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်တတ်စေရန်၊ ကောင်းမွန်စွာပြောဆိုဆက်ဆံတတ်စေရန်၊ အင်္ဂလိပ်စကားကို ယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာများရရှိစေရန်၊ ကွန်ပျူတာကို လက်တွေ့ကျကျ အသုံးချတတ်စေရန်နှင့် အင်တာနက်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန် သင်ကြားပို့ချပေးပါမည်။

သင်တန်းချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ(တနင်္လာနေ့မှ သောကြာနေ့အထိ)
သင်တန်းကာလ - ၁ လ

သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများသည် အခန်း(၄၀၁)၊ အမှတ်(၈)၊ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ ပန်းခြံတာဝါ၊ မြေနီကုန်း။ ဖုန်း-၅၃၈၅၃၁၊ ၅၀၅၉၇၂ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။
Email:bcbcentre009@gmail.com/Website:www.bcbcentre.net

ဝန်ထမ်းများခွင့်ယူရန်မလို
ကျိုက်ထီးရိုး
OASIS
ချောင်သာ ... ...
Ph: 09 50 38616, 09 73224465, 09 731 03031
...

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
☎ - ၀၉-၄၄၈၀၂၅၇၄၂
၀၉-၇၃၂၃၄၅၅
၀၉-၇၃၂၉၉၆၅

ရောင်းမည်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်းရှိ 3000 Sq.ft မြေအား ရောင်းရန်ရှိသည်။
ဖုန်း-၂၀၅၂၉၅၊ ၀၉၇၃၀၅၇၂၇၁

ပိုင်ရှင်ကိုယ်တိုင်ငှားမည်
FMI City ပေ(၆၀ × ၈၀) ၂ ထပ်တိုက်၊ ရေမီးစုံ
ပွဲစားမလို
ဖုန်း-၅၁၂၇၃၀၊ ၀၉-၄၂၀၀၉၉၆၉၄၊ ၀၉-၄၂၁၁၆၀၄၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်(မြကန်သာ)၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၁)(ကမာရွတ်)၊ မြေကွက်အမှတ်(၉၅)၊ ဧရိယာ(၀. ၁၆၇)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ငုဝါ(၃)လမ်း၊ အမှတ်(N-၆)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်စန်းငွေး[၉/မနတ(နိုင်)၀၄၈၁၇၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူတို့က ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉) **LL.B, D.I.L** **တရားလွှတ်တော်ရှေ့နေ**

ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈) **LL.B,D.B.L, D.M.L,D.I.L** **တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၀/၁၂)၊ အခန်း-၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉၅၄၁၅၄၁၀၊ ၀၉၄၃၀၆၅၅၄၉၊ ၀၉၄၄၈၀၂၅၉၉၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ တိုက်အမှတ်(၁၉)၊ ၄–လွှာ (မြေရှင်ခန်း)၊ (၂၄'×၈၀') အကျယ်ရှိ တိုက်ခန်းကို တရားဝင် ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းသန်း (၁၂/ဗဟန(နိုင်)၀၄၅၉၉၅၃)+၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းဆေ B.A,LL.B,B.C.S,B.I.S (စဉ်-၆၂၅၃) | ဦးအောင်ကျော်ထွန်း LL.B,LL.M | ဒေါ်ခိုင်ဇင်ဦး LL.B,D.B.L
ဒေါ်မေရည်စိုးဦး LL.B,D.B.L (စဉ်-၈၁၁၂) | ဒေါ်ဒီဒီခင် LL.B,LL.M,D.M.L | ဒေါ်ခိုင်ခိုင်စန်း LL.B
တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၂၈၉)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်
☎ - 01 - 552742 / 559320, 09 5060940, 09 73033183, 09 8634090, 09 73033182

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ နေ့ထားရန်)

လုပ်ငန်းများတိုးချဲ့ရန်အတွက် အောက်ဖော်ပြပါ အလုပ်နေရာများတွင် ကျွမ်းကျင်သွက်လက်သော ဝန်ထမ်းများ ခေါ်ယူလိုပါသည်။

(1) ရောင်းမောင်း (ရန်ကုန်၊ တောင်ကြီး၊ မကွေး၊ မော်လမြိုင်) **M (10)Posts**
- ယာဉ်မောင်းလိုင်စင်(ခ) ၂-နှစ်သက်တမ်းရှိရမည်။ ၁၀-တန်းအောင်၊ ဘွဲ့ရ (အသက် ၃၅-နှစ်အောက်) တောင်ကြီး၊ မော်လမြိုင်နှင့် မကွေးအတွက် တောင်ကြီး၊ မော်လမြိုင်နှင့် မကွေးတွင်နေထိုင်သူ ဦးစားပေးမည်။

(2) Marketing (Manager, Assistant Manager, Executive) M/F (5)Posts
- Marketing Manager နှင့် Assistant Marketing Manager အတွက် စားသောက်ကုန်လုပ်ငန်းတွင် အတွေ့အကြုံအနည်းဆုံး ၅-နှစ်ရှိရမည်။
- Marketing Management နှင့်ဝတ်သက်သော အောင်လက်မှတ်၊ ဒီပလိုမာ၊ MBA တစ်ခုခု ပါရှိရမည်။

(3) Accountant (Under 45 years Old) M/F(2)Posts
- ACCA Graduate/ Graduation from a recognized college or university with a Bachelor (B.Com / B.Act. / B.B.A) in accounting, Finance, Business Administration or closely related field. CPA is strongly preferred
- Knowledge or personal computer and software application operation
- Minimum three years of accounting experiences preferably in manufacturing companies. Supervisory experiences is preferred
- Able to work under pressure and meet tight deadlines
- Able to be independent and be a team player
- Good Leadership Skills e.g. able to influence, motivate and persuade others
- Good communication skills e.g. able to speak English

(4) Assistant Export & Import Manager M (1)Post
- Any Graduate, under 40 years old
- At least 5 years experiences in Export & Import field - Skillful in English

(5) Microbiologist (Under 35 years old) M/F (3)Posts
- Graduate of Bachelor of Science major in Microbiology
- Minimum of 2 years experience as a Microbiologist in a Food Manufacturing or Food Processing Company
- Knowledge in International Standards such as ISO/GMP/HACCP is an advantage

(6) Production Operators / Engineering Maintenance M (5)Posts
- Diploma any AGTI (Mechanical/Electrical/Chemical) or Engineering Degree (Mechanical/Electrical/Electronics/Chemical)
- With or without work experience, Willing to work on shift rotation
- Knowledge in International Standards such as ISO/GMP/HACCP is an advantage

(7) QA Analyst / Line Inspector M/F (5)Posts
- Diploma any AGTI (Chemical/BE Chemical/BS Industrial Chemistry/Food Technology), - With or without work experience, Willing to work on shift rotation
- Knowledge in International Standards such as ISO/GMP/HACCP will be an advantage

အထက်ပါရာထူးအားလုံးသည် ကွန်ပျူတာအသုံးပြုနိုင်သူ (MS Word, Excel, Powerpoint, Internet, Email application) ဖြစ်ရမည်။ ကိုယ်ရေးရာဇဝင်နှင့်အတူ ဓါတ်ပုံ၊ အလုပ်နှင့်ပညာရေးဆိုင်ရာ အောင်လက်မှတ်မိတ္တူများ၊ အလုပ်သမား မှတ်ပုံတင်၊ ရဲစခန်းနှင့်ရပ်ကွက်ထောက်ခံစာများကို အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ HR department သို့ လိပ်မူ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

Myanmar Mayson Industries Co.,Ltd. (Good Morning)
အမှတ်(၁) ဗိုလ်အောင်ကျော်လမ်း စက်မှုဇုန်(၄) လှိုင်သာယာ။
Phone: 01-685080, 685081, 685096. Email: mmi_96@myanmar.com.mm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

ဆေးသိပ္ပံပညာဦးစီးဌာန၊ဆေးဝါးတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့တွင် လစ်လပ်လျက်ရှိသော သရုပ်ပြ(ဆေးဝါး)(လစာနှုန်း ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)ရာထူးနေရာများဖြည့်စွက်ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် လစ်လပ်လျက်ရှိသည့် သရုပ်ပြ (လစာနှုန်း-၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများ ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်းကြေညာလိုက်သည်။

၂။ အရည်အချင်းသတ်မှတ်ချက်
- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) B.Pharm ဘွဲ့ရရှိထားသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် ၁၅-၃-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်။
- (က) အမည်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
- (ဃ) လူမျိုး/ကိုးကွယ်သည့် ဘာသာ
- (င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
- (ဇ) ဖုန်းနံပါတ်

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်။
- (က) ဘွဲ့လက်မှတ်မိတ္တူနှင့်အမှတ်စာရင်းမိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) တာဝန်ကျရာ မည်သည့်တက္ကသိုလ်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်ပါမည်ဟု ကတိပြုဝန်ခံချက်။
- (ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း။
- (င) လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ
- (စ) အလုပ်သမားမှတ်ပုံတင်မူရင်း။
- (ဆ) သရုပ်ပြအဖြစ် ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေကျပ် (၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၅။ လျှောက်လွှာများကို ၁၅-၃-၂၀၁၃ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ရုံးအမှတ်(၄) (နေပြည်တော်)သို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ)လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲကို ၃၀-၃-၂၀၁၃ ရက်တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
- (က) ရေးဖြေစာမေးပွဲပြုလုပ်မည့်နေရာ - **သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ လမ်းမတော်**
- (ခ) ဖြေဆိုရမည့်ဘာသာရပ် - **မေးခွန်းလွှာ(၁) ၁၀ နာရီမှ ၁၂ နာရီထိ** သက်ဆိုင်ရာဘာသာကျွမ်းကျင်မှု
  - **မေးခွန်းလွှာ(၂) (၁၃:၀၀)နာရီမှ(၁၅:၀၀)နာရီထိ** မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ

၈။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ လမ်းမတော်တွင် ၂၈-၃-၂၀၁၃ ရက်နှင့် ၂၉-၃-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၁၀။ လူတွေ့နှုတ်ဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ဆေးသိပ္ပံပညာဦးစီးဌာန ရုံးအမှတ်(၄)၊ နေပြည်တော်ဖုန်း ၀၆၇-၄၁၁၀၂၄၊ ၀၆၇-၄၁၁၂၃၃(၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉၊Ext-၈၂၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

W I S E (Weiluwun International) ၏(၉)ကြိမ်မြောက်
တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရရန်ရည်မှန်းပြီး အပြင်းအထန်ကြိုးစားနိုင်သူ(၉)ဦးသာ ယခုနှစ်လက်ခံသင်ကြားပေးမည်။
(အထူးအခွင့်အရေး)။ အပြင်းအထန်ကြိုးစားနိုင်သူများသာ သင်ပါ။

လူပျောက်

ကျွန်တော်မောင်ထွန်းထွန်း[၁၂/မဂတ(နိုင်)၀၄၂၅၉၉]၏ဇနီးဖြစ်သူ မလွင်မာမြင့် [၁၂/မဂတ(နိုင်)၀၇၂၁၉၉]သည် တစ်နှစ်သုံးလအရွယ်ရှိ သမီးမမေဇင်ပိုးနှင့်အတူ နေအိမ်တွင် ကျွန်တော်ဈေးရောင်းသွားခိုက် ၆-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် ဆေးရုံသွားမည်ဟု ပြောဆိုကာ မြေညီထပ်မုန့်ဖုတ်ရောင်းသူအားအိမ်ခန်းသော့ကိုပေးအပ်၍ထွက်သွားရာ ယနေ့တိုင်ပြန်လာခြင်းမရှိသလို အဆက်အသွယ်လည်းမရဖြစ်နေပါ၍ အမြန်ဆုံးဆက်သွယ်ပါရန်နှင့် ၎င်းတို့အားလက်ခံထားသူ/သွေးဆောင်ထားသူများအား တရားဥပဒေအရ အရေးယူသွားမည် ဖြစ်ပါကြောင်းနှင့် ၎င်းကိစ္စနှင့်ပတ်သက်၍ လူပျောက်အဖြစ် မင်္ဂလာတောင်ညွန့်ရဲစခန်းနှင့် ကန်တော်ကလေးတောင်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ထံ အမှုဖွင့်/အသိပေးထားပါကြောင်းကို သိစေအပ်ပါသည်။

ဦးထွန်းထွန်း
[၁၂/မဂတ(နိုင်)၀၄၂၅၉၉]
ဖုန်း-၀၉-၅၀၈၂၇၈၁
အမှတ်၇၆/၈လွှာ၀၊ (၉၁)လမ်း
ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်

ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?

ရှေ့ရည်မှန်ကန်မှုကြောင့်လား? ဈေးနှုန်းမှန်ကန်မှုကြောင့်လား? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား?

YL ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

ရိုလုံ (၁) - အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ညောင်တလမ်း၊ ရန်ကုန်။ ☎- ၂၀၀၇၄၇ (Ext.)၂၀၀၊ ၀၉-၄၅၀၀၅၁၃၁၃

ရိုလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရွှေ
အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ညောင်တလမ်း၊ ရန်ကုန်။ ☎- ၀၉-၄၃၇၇၇၆၆၄၊ ၂၀၀၇၄၇ (Ext.)၂၀၀

ရိုလုံ (၃) - (ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရွှေ (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ၀၉-၇၃၇၇၇၆၆၄

ချွန်းလုံ ရွှေဆိုင် - ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်
အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎-၀၉-၇၃၁၀၃၀၉၀၊ ၀၁- ၂၀၀၇၄၇ (Ext.)၂၂၂၅

ချွန်းလုံ ရွှေဆိုင် - ကိုဘုန်းကျော်ဝေ + မငုဝင်းသိန်း
H - 10၊ ယုဇနပလာဇာ (ပထမထပ်)။ ☎-၀၉-၇၃၀၅၃၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁- ၂၀၀၇၄၇ (Ext.)၂၀၀

UNITED AMARA BANK LTD.

Vacancy Announcement (Local)

ယူနိုက်တက်အမရာဘဏ်လီမိတက်၏ ရန်ကုန်ရုံးချုပ်၊ မူလတည်ဆဲဘဏ်ခွဲနှင့်အသစ်ဖွင့်လှစ်မည့် မန္တလေးဘဏ်ခွဲ (၃)ခု၊ စမ်းချောင်းဘဏ်ခွဲ၊ ပုံရွာဘဏ်ခွဲနှင့် မိတ္ထီလာဘဏ်ခွဲတို့အတွက် အောက်ပါရာထူးများလျှောက်ထားနိုင်ကြောင်းအသိပေးကြေညာ အပ်ပါသည်။

ရန်ကုန်ရုံးချုပ်အတွက်

(၁) Manager (Finance) — (၁) ဦး (ကျား/မ)
B.Com,CPA ၊ အသက် (၃၅ - ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁၀)နှစ်နှင့်အထက်၊သက်ဆိုင်ရာရာထူးဖြင့်လုပ်သက်(၂)နှစ်ရှိပြီး Computer Literate ဖြစ်ရမည်။

(၂) Manager (Domestic Transactional Banking) — (၁) ဦး (ကျား/မ)
ဘွဲ့ရ၊အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီးဘဏ်လုပ်သက် (၁၀)နှစ်နှင့်အထက်ရှိရမည်။

(၃) Manager (ATM Card) — (၁) ဦး (ကျား/မ)
ဘွဲ့ရ၊ အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၁၀)နှစ်နှင့်အထက်ရှိရမည်။ ATM Cardဌာနတွင် အတွေ့အကြုံရှိပြီး တာဝန်ခံအဖြစ်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(၄) Manager (Cash) — (၁) ဦး (ကျား/မ)
ဘွဲ့ရ၊ အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီးဘဏ်လုပ်သက် ၁၀)နှစ်နှင့်အထက်ရှိရမည်။ ငွေကြေးဌာနတွင် အတွေ့အကြုံရှိပြီးတာဝန်ခံအဖြစ်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(၅) Manager (Project Management) — (၁) ဦး (ကျား/မ)
MBA, MPA, M-Devs၊ အသက်(၃၅ - ၄၅) နှစ်၊သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၅) နှစ်၊ Good in English (4) Skill , Negotiation, Cooperation and Communication Skill ကျွမ်းကျင်ရမည်။ Computer Literate ဖြစ်ရမည်။

(၆) Deputy Manager (Finance-Domestic Transaction) — (၂) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၃၅ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၈)နှစ်နှင့်အထက်ရှိရမည်။ Computer Literate ဖြစ်ရမည်။

(၇) Deputy Manager (Compliance) — (၁) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၃၅ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၈)နှစ်နှင့်အထက်ရှိရမည်။ Computer Literate ဖြစ်ရမည်။

(၈) Assistant Manager/Supervisor (ATM Card) — (၅) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၂၈ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၅)နှစ်နှင့်အထက်ရှိရမည်။ Computer Literate ဖြစ်ရမည်။ATM Card ဌာနတွင်အတွေ့အကြုံရှိသူဖြစ်ရမည်။

(၉) MBA ဘွဲ့ရ — (၁၅) ဦး (ကျား/မ)
အသက် (၂၅ - ၃၅)နှစ်၊ Good in English (4 Skills)၊ Computer Literate၊ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

(၁၀) Supervisor/Assistant Supervisor (Treasury) — (၅) ဦး (ကျား/မ)
ဘွဲ့ရ MBA/DMA ဦးစားပေး အသက် (၂၈ - ၃၅)နှစ်၊ Foreign Exchange/Money Changer/Trading/Marketing အတွေ့အကြုံရှိသူဖြစ်ရမည်။

ဘဏ်ခွဲများအတွက်

(၁) Manager / Deputy Manager (မန္တလေးဘဏ်ခွဲ(၃)ခု ၊ ပုံရွာဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ) — (၇) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၃၅ - ၅၀)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် တာဝန်ခံ၊ ဒုတိယတာဝန်ခံအဖြစ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီး ဘဏ်လုပ်သက် (၁၀)နှစ်နှင့်အထက်ရှိရမည်။

(၂) AssistantManager (မန္တလေးဘဏ်ခွဲ(၃)ခု ၊ စမ်းချောင်းဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ) — (၁၀) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၃၀ - ၄၅)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၅)နှစ်နှင့်အထက်ရှိရမည်။

(၃) Supervisor/Assistant Supervisor/Senior Assistant (မန္တလေးဘဏ်ခွဲ(၃)ခု ၊ စမ်းချောင်းဘဏ်ခွဲ) — (၃၀) ဦး (ကျား/မ)
ဘွဲ့ရ၊အသက် (၂၅ - ၃၅)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၃)နှစ်နှင့်အထက်ရှိရမည်။

(၄) Supervisor/Assistant Supervisor (မူဆယ်ဘဏ်ခွဲ) — (၅) ဦး (ကျား/မ)
ဘွဲ့ရ အသက်(၂၈-၄၀)နှစ်၊ ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်အထက်ရှိပြီးသက်ဆိုင်ရာရာထူးဖြင့် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

လျှောက်ထားသူများသည် အောက်ပါလိပ်စာအတိုင်း မိမိကိုယ်ရေးရာဇဝင်အကျဉ်းအား လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ ဓါတ်ပုံနှင့်တကွ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ရဲစခန်းထောက်ခံစာ၊ဝေဘား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ တို့အားပူးတွဲ၍ (၈-၃-၂၀၁၃)နေ့နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့်/Email /လူကိုယ်တိုင်လာရောက်၍လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ- အမှတ်(520/A4)၊ မှိုင်းဘဏ်စမ်းစားဘောက်ဆိုင်(ဒုတိယထပ်)၊ ကျွန်းတောအဝေပီလမ်း၊ ပေါက်မြို့နယ်ရန်ကုန်မြို့။
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - 01-8603009~18 (HR Department) , Email - uabhohr@unitedamarabank.com
ဆက်သွယ်ရမည့်လိပ်စာ- အမှတ်(၁၅/၁၈၇)၊ ၂၆ ဘီလမ်း ၊ ရေလမ်းနှင့်စလေလမ်းကြား၊ ဘုရင့်နောင်လမ်း၊ အောင်မြေသာစံ၊ မန္တလေးမြို့။
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - 02-24810 ~ 24 မန္တလေး ၊ အထက်မြန်မာပြည်ဒေသရုံး(ရုံးခွဲ) (HR Department)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁) သီလလမ်း(၅)လွှာ၊ကျောက်မြောင်းနေ (ဦးမြင့်ရွှေ) (WANHAILINES (H.K) LTD)- ဒေါ်သန်းသန်းဌေး [ကြီးကြပ်ရေးမှူး (ငြိမ်း)၊ မြန်မာ့ဂုန်လျှော်ရုံးချုပ်]တို့၏သားကြီး

မောင်အောင်အောင်ငြိမ်းချမ်း

B.Sc (Physics), Specialist Diploma in interactive New Media Design(Ngee Ann Poly-Singapore)
Front-End Developer (Splash Interactive Pte Ltd-Singapore)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၅၃) (ပထမထပ်)၊ ၁၄၀လမ်းနေ ဦးသန်းလွင်-ဒေါ်ခင်ခင်ချို [ဒု-လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန]တို့၏သမီးငယ်

မအိအိချိုလွင်

B.A(Eco), ACCA Level II, Diploma in Financial Reporting (DIFR)
Senior Account Executive (D& Y Allied Engineering Pte Ltd-Singapore)

